ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 10 January 2023 ၁၀၉၇၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ

( ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် )

**ချစ်ကြည်လေးစားရပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-**

ယနေ့ ဇန်နဝါရီလ(၁၀)ရက်နေ့သည် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် ကျက်သရေမင်္ဂလာ အပေါင်းနှင့်ပြည့်စုံသည့် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ဖြစ်ပါသည်။

ယခုကဲ့သို့ နေ့ထူးနေ့မြတ်အခါသမယတွင် ကချင်ပြည်နယ်အတွင်းရှိ ကချင်တိုင်းရင်းသားမျိုးနွယ်စုများနှင့်တကွ ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူများအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုအားလုံးတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် တစ်မြေတည်းနေ တစ်ရေတည်းသောက် မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ စည်းလုံးညီညွတ်စွာဖြင့် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နေထိုင်ခဲ့ကြပါသည်။

နိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်သည့် ကာလတစ်လျှောက်လုံး အေးချမ်းသာယာပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ဝပြောစည်ပင်စွာဖြင့် အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ခဲ့ကြပါသည်။ စည်းလုံးညီညွတ်မှုပြိုကွဲ၍ အဘက်ဘက်မှ အင်အားနည်းပါးချိန်တွင် မိမိထက် အဆမတန်အင်အားကြီးမားသော ဗြိတိသျှကိုလိုနီနယ်ချဲ့တို့၏ လက်အောက်သို့ ကျရောက်ခဲ့ရပြီး အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



# တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်း အိမ်ခြံမြေဝယ်ယူသူ ပိုမိုများပြားလာ

**မြိတ် ဇန်နဝါရီ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ အိမ်ခြံမြေ အရောင်းအဝယ်ဈေးကွက်တွင် လွန်ခဲ့သောသုံးနှစ်ကျော်က သိသိသာသာ လျော့နည်းနေသော်လည်း ယခုနှစ်တွင် ဝယ်ယူသူပိုမိုများပြားလာသည့်အတွက် အိမ်ခြံမြေဈေးနှုန်းများ မြင့်တက်လာကြောင်း သိရသည်။

မြိတ်မြို့နယ်အတွင်းသို့ ယခင်နှစ်မှစတင်ကာ ပြောင်းရွှေ့အခြေချနေထိုင်သူများပြားလာသည့်အတွက် ယခင်က အိမ်ခြံမြေအရောင်းအဝယ်အေးနေသော်လည်း ယခုနှစ်ဆန်းပိုင်းမှ စတင်ကာ အိမ်ခြံမြေနှင့် ဥယျာဉ်ခြံမြေ ဈေးနှုန်းများမှာ လျော့ကျခြင်းမရှိဘဲ ယခင်ကထက် ဈေးနှုန်းများ သုံးဆခန့် မြင့်တက်လာကြောင်း အိမ်ခြံမြေရောင်းဝယ်သူတစ်ဦးက ပြောကြားသည်။

"အဝယ်က သိသိသာသာ သွက်လာတယ်။ အဝယ်လိုက်လာတဲ့အခါ ရောင်းတဲ့သူတွေကလည်း ဈေးတွေတင်ရောင်းတော့ ဈေးနှုန်းတွေလည်း ပိုမိုမြင့်တက်လာပါတယ်။ ဈေးနှုန်းက လျော့ကျသွားခြင်းမရှိပါဘူး။ အတက်ပဲရှိပါတယ်။ တနင်္သာရီ၊ ပုလောနဲ့ အခြားဒေသက လူတွေက အခုနှစ်အတွင်းမှာ အခြေချ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံမှ ကမ္ဘာ့မှတ်တမ်း အမွေအနှစ်များ (Memory of the World)**



ဆောင်းပါး စာမျက်နှာ » ၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားတွင် ရိုးရာအစဉ်အလာနှင့်အညီ မနောအက စုပေါင်းဆင်နွှဲ၍ ဖွင့်လှစ်ပေး၊ မြန်မာ့ရိုးရာလက်ဝှေ့ပွဲသို့ တက်ရောက်အားပေး**



စာမျက်နှာ » ၄

**အခွင့်အလမ်းကောင်းရှိသူဖြစ်ချင်သလား**

စာမျက်နှာ » ၂၁

ကြေးမုံ

# စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှစ၍ နှစ်ပေါင်း ၇၀ ကျော်အတွင်း ပါလီမန်ဒီမိုကရေစီခေတ်၊ ဆိုရှယ်လစ်ဒီမိုကရေစီခေတ်၊ တပ်မတော်ခေတ်၊ ဒီမိုကရေစီခေတ်ဟူ၍ ခေတ်လေးခေတ်ဖြင့် ဖြတ်သန်းခဲ့ရာတွင် ပြည်သူများလိုလားနှစ်သက်ကြသည့်ခေတ်မှာ ဒီမိုကရေစီခေတ် ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အဓိကကျသည့်ကဏ္ဍဖြစ်သည်။ ရွေးကောက်ပွဲဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ပြည်သူကိုယ်စား တာဝန်ယူဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံ၌ ပြုလုပ်ခဲ့သော ရွေးကောက်ပွဲတိုင်းတွင် ပြဿနာများ အနည်းနှင့်အများဆိုသလိုရှိခဲ့သည်။ နိုင်ငံတကာတွင်လည်း ရွေးကောက်ပွဲတိုင်း၌ မသမာမှုများ၊ မှားယွင်းမှုများ အနည်းနှင့်အများဆိုသလိုရှိကြသည်။ သို့သော် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ရွေးကောက်ပွဲပြဿနာများကို ဖြေရှင်းဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် မျက်မှောက်ကာလ၌ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် ရွေးကောက်ပွဲများပြုလုပ်၍ ဒီမိုကရေစီခေတ်ကို လျှောက်လှမ်းခဲ့သည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ကြုံတွေ့ခဲ့သည့် ပြဿနာများကို ပွင့်လင်းမြင်သာစွာဖြင့် ဖြေရှင်းနိုင်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်လာသည့် မဲမသမာမှုပြဿနာများကို ဖြေရှင်းပေးခြင်းမရှိခဲ့၍ မြန်မာ့နိုင်ငံရေးသမိုင်းတွင် စွန်းထင်းညစ်ထေးမှုဖြစ်ပေါ်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးဆဲအခြေအနေကို အညွန့်ချိုးခံရသကဲ့သို့ဖြစ်ခဲ့သည်။ ထိုကဲ့သို့အခြေအနေမျိုး ထပ်မံဖြစ်ပေါ်ခြင်းမရှိစေရန်အတွက် တည့်မတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများသည် အရေးပါသည့်အခန်းကဏ္ဍတွင်ရှိနေသည်။ ထို့ကြောင့် ရွေးကောက်ပွဲကျင်းပရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နောက်ဆုံးအချက်တွင် “အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပြီး အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်”ဟု အတိအလင်းဖော်ပြထားသည်။

ရွေးကောက်ပွဲ၌ မဲမသမာမှုများမဖြစ်ပေါ်စေရေးတွင် မဲစာရင်းများ မှန်ကန်ရေးသည် အရေးကြီးသည့်အချက်ဖြစ်သည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် မဲစာရင်းများမမှန်ကန်မှုကို အကြောင်းပြု၍ မသမာမှုများဖြစ်ပေါ်လာသည်ကို သင်ခန်းစာယူဖွယ်တွေ့ရှိရပြီးဖြစ်သည်။ မဲစာရင်းများမှန်ကန်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအချိန်တွင် စာရင်းဇယားများမှန်ကန်ရေးအတွက် အဆင့်လိုက် ဆောင်ရွက်နေသည်ကိုတွေ့ရပြီး လိုအပ်ပါက ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးကို ပြုလုပ်သွားမည်ဟု သိရသည်။ “ရွေးကောက်ပွဲကျင်းပချိန်တွင် မဲပေးခြင်း၊ မပေးခြင်းသည် လူတစ်ဦးချင်း၏ဆန္ဒဖြစ်ပြီး လူတိုင်းမဲပေးနိုင်အောင် ပြုလုပ်ပေးခြင်းသည် အစိုးရ၏တာဝန်ပင်ဖြစ်ကြောင်း” (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အကြီးအကဲ၏ ပြောကြားချက်အတိုင်း အကောင်အထည်ဖော်နေသည်ကိုတွေ့ရသည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများ၊ နစ်နာမှုများအား ဥပဒေပြုရေးကဏ္ဍတွင် အမြင့်ဆုံးဖြစ်သည့် လွှတ်တော်တွင် တရားဝင်ပြောဆိုခွင့်၊ ဆွေးနွေးခွင့်၊ ကျယ်ပြန့်စွာ ကိုယ်စားပြုခွင့်ရရှိရေးအတွက် ရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြု(PR)စနစ်ဖြင့် ကျင်းပနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။ လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရန် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံးနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ပြည်သူများအနေဖြင့် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ ဖိအားပေးမှု ကင်းရှင်းစွာဖြင့် တစ်ဦးချင်း၏ဆန္ဒကို ဖော်ထုတ်မဲပေးနိုင်ရေး၊ ရွေးကောက်ပွဲကို မှတ်ကျောက်တင်ခံရသည့် ရွေးကောက်ပွဲဖြစ်စေရန် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ရာဇဝတ်အထူးအယူခံမှု သုံးမှု စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု ကိုးမှု ရုံးထိုင်ကြားနာ

နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၈၃/၂၀၂၂ (မွန်)၊ ၉/၂၀၂၂ (ပဲခူး)၊ ၁၀/၂၀၂၂ (ပဲခူး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု သုံးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၄၈/၂၀၂၀ (စစ်ကိုင်း)၊ ၄၉/၂၀၂၀(စစ်ကိုင်း)၊ ၉/၂၀၂၂(မန္တလေး)၊ ၁၀/၂၀၂၂ (မန္တလေး)၊ ၁၁/၂၀၂၂ (မန္တလေး)၊ ၁၂/၂၀၂၂ (မန္တလေး)၊ ၁၃/၂၀၂၂(မန္တလေး)၊ ၁၄/၂၀၂၂(မန္တလေး)၊ ၁၅/၂၀၂၂(မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု ကိုးမှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဇန်နဝါရီ ၉

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

### ဆက်ကပ်လှူဒါန်း

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ စိန်ရာဇာသာသနာလင်္ကာရကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ပွန်ဇေတဝန်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အောင်ပါရမီပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ အရှင်ဥတ္တမသာရ ပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မဟာဗောဓိကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ အောင်သီတာ ပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ပဋ္ဌာနတာရုံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိမဟာဝိဇိတာရုံကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ မြတောင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရှစ်မိုင်မစိုးရိမ်ရွှေကျင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အေးစေတီပရိယတ္တိစာသင်တိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မဟာရံသီကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉ - ၁ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၂၀၄ | ၁,၇၈၀,၃၀၀ |
| MTSH | ၃,၂၅၀ | ၃,၃၀၀ | ၃,၄၉၁ | ၁၁,၅၂၀,၃၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၁၀ | ၇၄,၀၀၀ |
| FPB | ၁၈,၅၀၀ | ၁၈,၅၀၀ | ၁,၁၅၆ | ၂၁,၃၈၆,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၅ | ၁၃,၀၀၀ |
| EFR | ၂,၇၅၀ | ၂,၇၅၀ | ၅ | ၁၃,၇၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၇၉ | ၃၈၇,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၄၀.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၉.၇၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၂.၅၉၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၉.၉၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၈၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၅၄.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၅.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၈၅.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၈.၆၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✪ ရှေ့ဖုံးမှ

ထိုသို့ နယ်ချဲ့လက်အောက်ကျရောက်ခဲ့သော်လည်း တိုင်းရင်းသားများအပါအဝင် မြန်မာနိုင်ငံ၏ ဒေသအသီးသီးမှ သူ့ကျွန်မခံလိုသူများက မျိုးချစ်စိတ်ဓာတ်ထက်သန်စွာ မိမိတို့အသက်ကို ပဓာနမထားဘဲ နယ်ချဲ့တို့ကိုတော်လှန်၍ အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ မကြာမီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကြီးသည်မိမိတို့တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှုရလဒ်ဖြစ်ပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တိုင်းရင်းသားပြည်သူအားလုံးက ဆက်လက်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၁၀)ရက်နေ့တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ ပထမဆုံးညီလာခံ၏ ပထမဆုံးအစည်းအဝေး၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ(၁၀)ရက်နေ့ကို **"ကချင်ပြည်နယ်နေ့"** အဖြစ် သတ်မှတ်ပြဋ္ဌာန်း၍ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၇၅)နှစ်ပြည့်မြောက် စိန်ရတုကာလတိုင် ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။ ကချင်ပြည်နယ်တွင် ကချင်၊ ထရုမ်း၊ ဒလောင်၊ ဂျိမ်းဖော၊ ဂေါ်ရီ၊ ခွဲခူး၊ ဒူးလန်း၊ လော်ဝေါ်၊ ရဝမ်၊ လာချိဒ်၊ ဇိုင်ဝါး၊ လီဆူစသည့် ကချင်မျိုးနွယ်စုများနှင့်အတူ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းလုံ၊ တိုင်းဆာ၊ တိုင်းခန္တီးစသည့် ရှမ်းမျိုးနွယ်စုများနှင့် ဗမာ တိုင်းရင်းသားများအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုများအပါအဝင် လူဦးရေစုစုပေါင်း (၁၇) သိန်းကျော်အတူတကွ ချစ်ကြည်ရင်းနှီးစွာဖြင့် စုပေါင်းနေထိုင်လျက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် ဧရာဝတီမြစ်ကြီးအဖြစ် မေခနှင့် မေလိခမြစ်နှစ်ခုပေါင်းဆုံ၍ စတင်မြစ်ဖျားခံရာဒေသတစ်ခုလည်းဖြစ်သည့်အပြင် အဖိုးတန်သယံဇာတများဖြစ်သည့် ရွှေ၊ ကျောက်စိမ်း၊ ပယင်း စသည့်တန်ဖိုးရှိရတနာများ ပေါများကြွယ်ဝကာ သာယာလှပသည့် တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်ကောင်းများရှိသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး ဆီးနှင်းများဖုံးအုပ်လျက်ရှိသည့် ရေခဲတောင်များ၏ လှပမှုနှင့် မြစ်ဆုံ၏ သာယာမှုတို့သည် ပြည်နယ်၏ ထင်ရှားသောအလှအပသဘာဝများဖြစ်ပါသည်။

ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာအကအလှများ၊ စာပေယဉ်ကျေးမှု ဓလေ့ထုံးစံများမှာ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာသာမက နိုင်ငံတကာကပါ စိတ်ဝင်စားကြသော တိုင်းရင်းသားအမွေအနှစ်များဖြစ်ပါသည်။ တိုင်းရင်းသားဝတ်စုံများနှင့် စုပေါင်းညီညာစွာကပြသည့် မနောအကသည် ကချင်တိုင်းရင်းသားတို့၏ စွဲမက်နှစ်သက်ဖွယ်ရာယဉ်ကျေးမှုတစ်ခုဖြစ်ပါသည်။

မိမိတို့ တိုင်းရင်းသားအားလုံးသည် ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးရာ စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားကြသူများဖြစ်ပါသည်။ အမျိုးသားရေးရာလက္ခဏာများနှင့် အမျိုးသားယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး တိုင်းပြည်နှင့်လူမျိုးအတွက် ကောင်းကျိုးများစွာရရှိမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်လျက်ရှိရာ အမျိုးသားရေးစိတ်ဓာတ်ရှိကြရန် အလွန်အရေးကြီးသော အချိန်ကာလဖြစ်ကြောင်း အသိပေးလိုပါသည်။

သာယာလှပပြီး သယံဇာတပေါကြွယ်ဝသည့် ကချင်ပြည်နယ်သည် ယနေ့ထက်တိုင် ကာလကြာရှည်စွာ လက်နက်ကိုင်ပဋိပက္ခများကြောင့် သဘာဝအလှအပများကိုလည်း မခံစားနိုင်၊ သယံဇာတများကိုလည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးမပြုနိုင်ဘဲဖြစ်နေရပါသည်။ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိမှသာ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ခိုင်မာအားကောင်းလာစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးတို့ပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားညီနောင်အားလုံးတို့အတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိစေရန်နှင့် နိုင်ငံအဝန်းဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။

> ☆ **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို လှမ်းချီတည်ဆောက်နေရာတွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး၏ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု၊ အသိဉာဏ်ပညာကြွယ်ဝမှုနှင့် စိတ်ရင်းစေတနာမှန်ကန်မှုတို့သည် လွန်စွာအရေးကြီး**
>
> ☆ **တစ်နိုင်ငံလုံးအတွက်၊ ပြည်သူတစ်ရပ်လုံးအတွက် စဉ်းစားလုပ်ဆောင်ကြရန် လိုအပ်၊ မိမိတို့၏ ရပ်တည်ဆောင်ရွက်နေမှုများအပေါ် ဓမ္မဓိဋ္ဌာန်ကျကျသုံးသပ်ပြီး အကောင်းအဆိုး၊ အမှားအမှန်ကို ခွဲခြားဆင်ခြင်ဆောင်ရွက်ကြရမည်**
>
> ☆ **မိမိတို့ပြည်နယ်၏အနာဂတ်ကို ဆက်လက်ဖော်ဆောင်ကြမည့် လူငယ်များကိုလည်း အသိပညာဗဟုသုတပြည့်ဝရေး၊ မျိုးချစ်စိတ်ဓာတ်ရှိရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံကြွယ်ဝရေး ပြုစုပျိုးထောင်ပေးရန် လိုအပ်**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ သက်ဆိုင်သူများအနေဖြင့် သဘောထားမှန်ကန်ကြပြီး နိုင်ငံတော်အကျိုးအတွက်ဆိုသည့် တူညီသောစိတ်ဆန္ဒများရှိရန်လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မထိခိုက်စေရန် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုမရှိပါက ဆက်လက်လုပ်ဆောင်ရမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတို့မှာ အလှမ်းဝေးနေဆဲသာဖြစ်သည်ကို အားလုံးသိရှိကြပြီးဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိအကြမ်းဖက်မှုများနှင့် လက်နက်ကိုင်တိုက်ခိုက်မှုများကို လျှော့ချပြီး ရပ်တန့်ကြရန် လိုအပ်နေပြီဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"** ဆိုသည့် ဦးတည်ချက်နှင့်အညီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ တပ်မတော်အနေဖြင့်လည်း ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှစ၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ ၄ နှစ်ကျော်ကာလတိုင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း (၂၁)ကြိမ် ထုတ်ပြန်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာအဆောက်အအုံများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ရပ်စဲပေးခဲ့ပါသည်။ ယခုဆက်လက်၍လည်း လက်တွေ့ကျသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တစ်နှစ်တာကာလ ထပ်မံတိုးမြှင့်ရပ်စဲပေးထားပါသည်။

နိုင်ငံ၏ကောင်းကျိုးကို ဆောင်ရွက်ကြရာတွင် တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်၍ မရနိုင်ဘဲ တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသော ပေါင်းစုအင်အားဖြင့် တက်ညီလက်ညီဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ကချင်ပြည်နယ်အတွင်း သက်ဆိုင်သူများအားလုံးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျား –**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အစိုးရတာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်ကြသော ရှေ့လုပ်ငန်းစဉ် ( ၅ )ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖြစ်ထွန်းရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ကချင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးစသည့် စီမံချက်များချမှတ်ပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မည့်ကဏ္ဍအားလုံးကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူက ၎င်းတို့အားကိုယ်စားပြုသူများကိုကိုယ်တိုင်ရွေးချယ်ပေးပြီး အုပ်ချုပ်စေသည့်စနစ်ပင်ဖြစ်ပါသည်။ ဖက်ဒရယ်စနစ်ဆိုသည်မှာလည်း မတူကွဲပြားနေသည့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ဟုဆိုရာတွင် ပြည်ထောင်စုအတွင်းရှိတိုင်းရင်းသားပြည်သူများက ရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်တွင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများ အတူတကွပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ ရရှိစေမည်ဖြစ်ပါသည်။ သို့မှသာ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပေါ်လာမည်ဖြစ်ပြီး မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီဖြစ်စေရေး ဦးတည်ချက်နှင့် လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို လှမ်းချီတည်ဆောက်နေရာတွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသား ပြည်သူအားလုံး၏ စဉ်းစားတွေးခေါ်မြော်မြင်နိုင်မှု၊ အသိဉာဏ်ပညာကြွယ်ဝမှုနှင့် စိတ်ရင်းစေတနာမှန်ကန်မှုတို့သည် လွန်စွာအရေးကြီးပါသည်။ တစ်နိုင်ငံလုံးအတွက်၊ ပြည်သူတစ်ရပ်လုံးအတွက် စဉ်းစားလုပ်ဆောင်ကြရန် လိုအပ်ပါသည်။ မိမိတို့၏ ရပ်တည်ဆောင်ရွက်နေမှုများအပေါ် ဓမ္မဓိဋ္ဌာန်ကျကျသုံးသပ်ပြီး အကောင်းအဆိုး၊ အမှားအမှန်ကို ခွဲခြားဆင်ခြင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုနည်းတူ မိမိတို့ပြည်နယ်၏ အနာဂတ်ကို ဆက်လက်ဖော်ဆောင်ကြမည့် လူငယ်များကိုလည်း အသိပညာဗဟုသုတပြည့်ဝရေး၊ မျိုးချစ်စိတ်ဓာတ်ရှိရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံကြွယ်ဝရေး ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံနှင့်လူမျိုးနှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရာတွင် မည်သည့်အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုအင်အားဖြင့် အခိုင်အမာ ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု အပြည့်အဝယုံကြည်ပါသည်။ ယနေ့အချိန်ကာလသည် ပြည်သူတစ်ရပ်လုံးလိုလားတောင့်တသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေး ဖော်ဆောင်နေသည့် အချိန်အခါဖြစ်ရာ ယခုကဲ့သို့ ထူးမြတ်သော (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အခါသမယတွင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှ အခွင့်အရေးရရှိခြင်းဟူသည့် အနှစ်သာရများဖြင့် ပြည့်စုံ ပိုင်ဆိုင်နိုင်ကြပါစေကြောင်း မေတ္တာပို့သပါသည်။

သို့ဖြစ်၍ ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ယနေ့ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့မှအစပြု၍ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးများကို အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းပေါ်ပေါက်စေရေးအတွက် စွမ်းဆောင်နိုင်သူများဖြစ်ကြပြီး နိုင်ငံအကျိုး၊ ပြည်နယ်အကျိုး၊ နိုင်ငံသားများ၏အကျိုးများ သယ်ပိုးနိုင်သူများဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် သဝဏ်လွှာ ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားတွင် ရိုးရာအစဉ်အလာနှင့်အညီ မနောအက စုပေါင်းဆင်နွှဲ၍ ဖွင့်လှစ်ပေး၊ မြန်မာ့ရိုးရာလက်ဝှေ့ပွဲသို့ တက်ရောက်အားပေး



ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားနှင့် မနောပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

မြစ်ကြီးနား ဇန်နဝါရီ ၉

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးဝင်းရှေ့ မြက်ခင်းပြင်၌ ဌာနေတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်ခြင်းကို ဖော်ထုတ်ပြသသည့် မနောအကဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းတို့နှင့် အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွှန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဦးဇော်အေးမောင်တို့ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာဧည့်ကြိုအကဖြင့် ကြိုဆိုကြသည်။

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ အခမ်းအနားနှင့် မနောပွဲအား ရိုးရာအစဉ်အလာနှင့်အညီ ကျင်းပနိုင်ရေး ဖာသာဒေါက်တာ ဂေါ်လူယုံဝါက ဆုတောင်းဆက်ကပ်အပ်နှံပေးပြီး အခမ်းအနားနှင့် မနောပွဲကို ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးနှင့် ဗမာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မနောအကတွင် ဦးဆောင်သူ(Nau Shawng)များ၏ ဦးဆောင်မှုနှင့်အတူ ရိုးရာအစဉ်အလာနှင့်အညီ မနောအကကို တပျော်တပါး စုပေါင်းဆင်နွှဲကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများက (၇၅)နှစ်မြောက် စိန်ရတု ကချင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပြခန်းများအား ကြည့်ရှုအားပေးကြစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများက မနောကွင်းဘေးတွင် ပြသထားသည့် ဌာနဆိုင်ရာပြခန်းများနှင့် ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် သတ္တုရေးရာပြခန်း၊ သစ်တောနှင့် ပတ်ဝန်းကျင်ရေးရာပြခန်း၊ ကျောက်စိမ်းနှင့် အချောထည်ပြခန်း၊ တိုင်းရင်းဆေးထုတ်ကုန်ပြခန်း၊ စက္ကူနှင့် စာအုပ်ထုတ်ကုန်ပြခန်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ဒေသထွက်သစ်သီးဝလံပြခန်း၊ အသင့်စား စားသောက်ကုန်ပြခန်း၊ ဂျပ်ခုတ်၊ ရက်ကန်း၊ ပိုးချည်မျှင်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စိန်ရတုကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် (အထက်မြန်မာပြည်)တို့ ပူးပေါင်း၍ ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို တက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မိုးလုံလေလုံအားကစားခန်းမအတွင်း မြန်မာနိုင်ငံအတွင်းရှိ ရိုးရာလက်ဝှေ့ကလပ် ၁၂ ခုတို့မှ လက်ဝှေ့ကစားသမားများ၏ သုံးချီစိန်ခေါ်ပွဲ တွဲဆိုင်း လေးဆိုင်း၊ လေးချီစိန်ခေါ်ပွဲ တွဲဆိုင်း နှစ်ဆိုင်းအပါအဝင် ငါးချီ အထူးစိန်ခေါ်ပွဲအဖြစ် ပြည်နယ်နှင့် တိုင်း ရွှေခါးပတ်ချန်ပီယံ၊ ဂျပန်ဘုရင့်ဖလားဆုရ ဆီးဂိမ်းလက်ရွေးစင် ဗျက္ခ(ကျားဖြူ)နှင့် သုံးထပ်ကွမ်းရွှေခါးပတ်ချန်ပီယံ ကရင်ပြည်နယ်မှ ဖျံသွေး(ထူးမေတ္တာထူး)တို့အတွဲနှင့် ပြည်နယ်နှင့် တိုင်းရွှေတံဆိပ်အကောင်းဆုံးဆုရ ထွန်းလင်းခန့်(စစ်ကိုင်း)နှင့် ထွန်းမင်းအောင်(ထွန်းထွန်းမင်းကလပ်၊ မုဒုံ)တို့အတွဲ၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



(၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားတွင် ရိုးရာအစဉ်အလာနှင့်အညီ မနောအကဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

# စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြု ဂုဏ်ပြုယာဉ် ဒုတိယဆုရရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများနှင့် ကဏ္ဍအလိုက်ပါဝင်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ဝန်ကြီးဌာန ကိုယ်စားပြုဂုဏ်ပြုယာဉ် ဒုတိယဆုရရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများနှင့် ကဏ္ဍအလိုက်ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၅)တွင် ကျင်းပသည်။





**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ သက်ဆိုင်ရာဌာနအကြီးအကဲများနှင့် ပါဝင်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်သည် စိန်ရတု လွတ်လပ်ရေးနေ့ ဖြစ်သည့် အားလျော်စွာ နိုင်ငံတော်က အမျိုးသားရေးဦးတည်ချက်များချမှတ်ပြီး အနှစ်သာရ ပြည့်ဝစွာဖြင့် ကျင်းပနိုင်ရေးအတွက် ကော်မတီများဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ကဏ္ဍအလိုက် တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများကို "ချီးမြှင့်ထိုက်သူကိုချီးမြှင့်ခြင်း" ဟူသော မင်္ဂလာတရားတော်နှင့်အညီ ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ သမိုင်းတွင်ရစ်မည့် အခမ်းအနားကြီး အောင်မြင်မှုရရှိစေရန် ဝန်ထမ်းများအနေဖြင့် ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တတ်သည့် ဝန်ထမ်းကောင်းစိတ်ဓာတ်၊ အဖွဲ့အစည်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်တို့ဖြင့် ကြိုးပမ်းခဲ့ကြပြီး အလေ့အကျင့်ကောင်းနှင့် အတွေ့အကြုံကောင်းများ ရရှိခဲ့သည်ဟုယုံကြည်ပါကြောင်း၊ ယခုကဲ့သို့အခမ်းအနားကြီးတွင် ပါဝင်ဆောင်ရွက်ခဲ့ရသည့် အတွက် ဝန်ထမ်း ဘဝတစ်လျှောက်၌ ဂုဏ်ယူအမှတ်ရစရာအဖြစ်လည်း ကျန်ရစ် နေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် "ရှေ့သို့ လှမ်းချီပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တည်ဆောက်လျက်ရှိရာ ယခုကဲ့သို့အစဉ်အလာကောင်းကို ထိန်းသိမ်းကာ နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းရွက်ကြပါဟု အလေးအနက်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ဒုတိယဆုရရှိခဲ့သော ဂုဏ်ပြုယာဉ်အဖွဲ့အတွက် ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများကို လည်းကောင်း၊ စစ်ရေးပြအဖွဲ့၊ အလံကိုင်အဖွဲ့၊ အထိမ်းအမှတ်ပြခန်း စီစဉ်ဆောင်ရွက်ရေး ကော်မတီနှင့် ပို့ဆောင်ရေး ဆပ်ကော်မတီတို့တွင် ပါဝင်ဆောင်ရွက်ခဲ့သူများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း တာဝန်ရှိသူများအား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ **"ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်"** ဂုဏ်ပြုသီချင်းကို စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဂုဏ်ပြုယာဉ်ဖြင့် ချီတက်ရာ၌ သီဆိုဖျော်ဖြေနိုင်ရန်အတွက် ကိုယ်တိုင် ရေးစပ်သီကုံးသည့် ဌာနအကြီးအကဲ နှစ်ဦးနှင့် သီဆိုဖျော်ဖြေသူတို့ကို ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများချီးမြှင့်ပြီး **"ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်"** ဂုဏ်ပြုသီချင်းဖြင့် ဖျော်ဖြေကာ ဂုဏ်ပြုနေ့လယ်စာကို ဝန်ထမ်းများနှင့်အတူ သုံးဆောင်ခဲ့ကြကာ နေ့လယ်စာသုံးဆောင်အပြီးတွင် ဝန်ထမ်းများကိုရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဒုတိယဝန်ကြီးဗိုလ်ချုပ်ဖြိုးသန့် ကချင်ပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် အမှတ်(၁) နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (မြစ်ကြီးနား) ၌ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များနှင့် စားရိပ်သာများ၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကချင်ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၌ ကချင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှုကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (မြစ်ကြီးနား) တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖျာပုံမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းပြည့်စုံမှန်ကန်စေရေး စာရင်းကောက်ယူ



**ဖျာပုံ ဇန်နဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအလိုက် အိမ်ထောင်စုလူဦးရေ စာရင်းပြည့်စုံမှန်ကန်စေရေး Working Group အဖွဲ့များမှ တစ်အိမ်တက်ဆင်း စာရင်းလိုက်လံကောက်ယူနေမှုအား ယနေ့နံနက် ၉ နာရီက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ထိုသို့မြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာများရှိ အိမ်ထောင်စုလူဦးရေစာရင်းပြည့်စုံမှန်ကန်စေရေး Working Group အဖွဲ့များမှ တစ်အိမ်တက်ဆင်း လိုက်လံစာရင်းကောက်ယူရာတွင် ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးတင်လင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်ထားမောင်နှင့်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဖျာပုံမြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိဦးဇော်လွင်နှင့်ဝန်ထမ်းများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ အိမ်ထောင်စုလူဦးရေစာရင်း ပြည့်စုံမှန်ကန်စေရေး Working Group အဖွဲ့များမှ တစ်အိမ်တက်ဆင်း စာရင်းလိုက်လံကောက်ယူခြင်းကို ဇန်နဝါရီ ၉ ရက်မှ စတင်ကာ ဇန်နဝါရီ ၃၁ ရက်နေ့အထိ ရပ်ကွက်/ ကျေးရွာအလိုက်အုပ်စုခွဲ၍ အိမ်ထောင်စုစာရင်းများ တစ်အိမ်တက်ဆင်း လိုက်လံကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**၂၀၇**

# မြန်မာနိုင်ငံမှ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များ(Memory of the World)

ကုလသမဂ္ဂ၊ပညာရေး၊သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့အစည်း(The United Nations Educational, Scientific and Cultural Organization–UNESCO) သည် ကမ္ဘာတစ်ဝန်းတွင်ရှိသော ယဉ်ကျေးမှုအမွေအနှစ်များကို ဒေသတွင်းအဆင့်သာမက နိုင်ငံတကာကပါ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်စေရန် ရည်ရွယ်၍ ကမ္ဘာ့အမွေအနှစ်များကို သတ်မှတ်ပေးလျက်ရှိပါသည်။ ထိုသို့သတ်မှတ်ရာတွင် UNESCO အဖွဲ့ဝင်နိုင်ငံ ၁၉၄ နိုင်ငံတွင်ရှိသော ယဉ်ကျေးမှုအမွေအနှစ်များကို အောက်ဖော်ပြပါအတိုင်း အပိုင်းသုံးပိုင်းခွဲခြား၍ သတ်မှတ်ပေးလျက်ရှိပါသည်–

**(က) ကမ္ဘာ့အမွေအနှစ် (World Heritage)**

- ကမ္ဘာ့အမွေအနှစ်စာရင်း (ယဉ်ကျေးမှု)။
- ကမ္ဘာ့အမွေအနှစ်စာရင်း (သဘာဝ)။
- ကမ္ဘာ့အမွေအနှစ်စာရင်း (ယဉ်ကျေးမှုနှင့်သဘာဝရောနှော)။

**(ခ) ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (World Intangible Cultural Heritage)။**

**(ဂ) ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World)။**

**ကမ္ဘာ့အမွေအနှစ် (World Heritage)** ဆိုသည်မှာ နောင်လာနောက်သားများ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထား ကာကွယ်စောင့်ရှောက်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးကြီးသောနေရာများကို ကမ္ဘာ့အမွေအနှစ်နေရာများအဖြစ် သတ်မှတ်ခြင်း ဖြစ်ပါသည်။ ထိုသို့သတ်မှတ်ရာတွင် ကမ္ဘာ့အမွေအနှစ်စာရင်း(ယဉ်ကျေးမှု) အတွက် စံသတ်မှတ်ချက် ခြောက်ခုရှိပြီး ကမ္ဘာ့အမွေအနှစ် စာရင်းဝင်နိုင်ရန်အတွက် စာရင်းတင်သွင်းထားသောဒေသ သို့မဟုတ် နေရာသည် လူသားအားလုံးအသိအမှတ်ပြုနိုင်သော တန်ဖိုးရှိရန်လိုအပ်သကဲ့သို့ သတ်မှတ်ထားသော စံနှုန်းများနှင့်လည်း အနည်းဆုံး တစ်ချက်ကိုက်ညီရန် လိုအပ်ပါသည်။ တရုတ်နိုင်ငံရှိ Great Wall၊ အိန္ဒိယနိုင်ငံရှိ Taj Mahal၊ မြန်မာနိုင်ငံရှိ ပျူမြို့ဟောင်း သုံးမြို့ (ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ)နှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတို့ကဲ့သို့သော ကြီးမားသော အဆောက်အအုံများ၊ ကျယ်ဝန်းသော အမွေအနှစ်နေရာဒေသများစသည်တို့ကို ကမ္ဘာ့အမွေအနှစ်စာရင်း(ယဉ်ကျေးမှု)များအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။ ကမ္ဘာ့အမွေအနှစ်စာရင်း(သဘာဝ) အတွက် သတ်မှတ်ထားသော စံသတ်မှတ်ချက်



ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာ။



ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် မဟာလောကမာရဇိန် သို့မဟုတ် ကုသိုလ်တော်ကျောက်စာ။

လေးခုရှိပြီး အနည်းဆုံး စံသတ်မှတ်ချက် တစ်ချက်နှင့် ကိုက်ညီရန် လိုအပ်ပါသည်။ ထိုင်းနိုင်ငံရှိ Kaeng Krachan Forest Complex၊ ဗီယက်နမ်နိုင်ငံရှိ Ha Long Bay စသည်တို့ကဲ့သို့သော အမွေအနှစ်များမှာ ကမ္ဘာ့အမွေအနှစ်စာရင်း(သဘာဝ)များ ဖြစ်ကြပါသည်။ ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝရောနှောအမွေအနှစ် (Mixed Heritage)အတွက် ကမ္ဘာ့အမွေအနှစ်(ယဉ်ကျေးမှု)၏ စံနှုန်းသတ်မှတ်ချက်တစ်ချက်နှင့် ကမ္ဘာ့အမွေအနှစ် (သဘာဝ)၏ စံနှုန်းသတ်မှတ်ချက်တစ်ချက် စုစုပေါင်း နှစ်ချက်နှင့်ကိုက်ညီပါက ကမ္ဘာ့အမွေအနှစ်စာရင်း (ယဉ်ကျေးမှုနှင့် သဘာဝရောနှော)ဟု သတ်မှတ်ပါသည်။ UNESCO အနေဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် ကမ္ဘာ့အမွေအနှစ်စာရင်း(ယဉ်ကျေးမှု) ၈၉၇ ခု၊ ကမ္ဘာ့အမွေအနှစ်စာရင်း(သဘာဝ) ၂၁၈ ခုနှင့် ကမ္ဘာ့အမွေအနှစ်စာရင်း (ယဉ်ကျေးမှုနှင့် သဘာဝရောနှော) ၃၉ ခု စုစုပေါင်း ကမ္ဘာ့အမွေအနှစ်စာရင်း ၁၁၅၄ ခုအထိ သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

**ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage)**ဆိုသည်မှာ အဖွဲ့အစည်းများ၊ အုပ်စုများနှင့် အချို့သောကိစ္စရပ်များတွင် တစ်ဦးချင်းစီအထိ ၎င်းတို့၏ ယဉ်ကျေးမှုအမွေအနှစ်



ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် မြစေတီကျောက်စာ။

တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်နေပြီး ထုံးဓလေ့များ၊ ကိုယ်စားပြုချက်များ၊ ဖော်ပြချက်များ၊ ဗဟုသုတစွမ်းရည်များသာမက ၎င်းတို့နှင့် ဆက်နွယ်သည့် ပစ္စည်းကိရိယာများ၊ အရာဝတ္ထုများ၊ ဝတ္ထုပစ္စည်းများနှင့် ယဉ်ကျေးမှုဆိုင်ရာနေရာများကို ဆိုလိုခြင်းဖြစ်သည်။ ဒြပ်မဲ့ယဉ်ကျေးမှုတွင် လူသားတို့ ပြောဆိုသည့် ဘာသာစကား၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့ထုံးစံများ၊ အတွေးအခေါ်၊ လက်မှုအနုပညာနှင့် အနုသုခုမပညာစသည်တို့ ပေါင်းခြုံထားခြင်းပင်ဖြစ်ပါသည်။ UNESCO အနေဖြင့် ဂလိုဘယ်လိုက်ဇေးရှင်း၏ သက်ရောက်မှုကြောင့် ယဉ်ကျေးမှုအမွေအနှစ်များ အလျင်အမြန် ပျက်စီးပျောက်ကွယ်လာသဖြင့် ကမ္ဘာ့သက်ရှိယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ရန်အတွက် လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အယူအဆကို ကျယ်ပြန့်စေရန်အတွက် လည်းကောင်း (၁) Representative List of the Intangible Cultural Heritage Humanity၊ (၂) List of the Intangible Cultural Heritage in Need of Urgent Safeguarding နှင့် (၃) Register of Good Safeguarding Practices ဟူ၍ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း သုံးမျိုးကို နှစ်စဉ်သတ်မှတ်ထုတ်ပြန်လျက်ရှိရာ ၂၀၀၈ ခုနှစ်မှစ၍ ၂၀၂၂ ခုနှစ်အထိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ၆၇၈ ခုကို သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

**ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World – MoW)** ဆိုသည်မှာ စာကြည့်တိုက်၊ ပြတိုက်နှင့် မော်ကွန်းတိုက်ဆိုင်ရာ စုဆောင်းမှုများဖြစ်သော ကျောက်စာ၊ လက်ရေးစာများ၊ တန်ဖိုးမဖြတ်နိုင်သော စာအုပ်များ၊ သတင်းစာများ၊ ဓာတ်ပုံနှင့် ပန်းချီကားများ၊ ဖလင်များ၊ အသံနှင့် ဗီဒီယိုအခွေများ၊ စီဒီ၊ အသံမှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ စသည်တို့ပါဝင်ပြီး မှတ်တမ်းများကို အဓိကထားသတ်မှတ်ခြင်းဖြစ်ပါသည်။

ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (The United Nations Educational, Scientific and Cultural Organization–UNESCO) သည် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်(MoW) အစီအစဉ်ကို ၁၉၉၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များကို ၁၉၉၇ ခုနှစ်မှစ၍ နှစ်နှစ်လျှင် တစ်ကြိမ် သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းလုံးတွင်

အေမီဉာဏ်ဝင်း

၁၉၉၇ ခုနှစ်မှစ၍ ၂၀၁၇ ခုနှစ်အထိ မှတ်တမ်းအမွေအနှစ်ပေါင်း ၅၂၇ ခုအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (MoW) ငါးခု၊ ကမ္ဘောဒီးယားနိုင်ငံတွင် တစ်ခု၊ တရုတ်နိုင်ငံမှ ၁၃ ခုနှင့် အိန္ဒိယနိုင်ငံတွင် ကိုးခုကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် မှတ်တမ်းတင်ထားရှိပြီးဖြစ်ပါသည်။

ကမ္ဘာ့မှတ်တမ်းအမွေအနှစ်(MoW) အစီအစဉ်တွင် နိုင်ငံတကာအဆင့်၊ ဒေသတွင်းအဆင့်နှင့် အမျိုးသားအဆင့်ဟူ၍ သုံးမျိုးရှိပြီး မှတ်တမ်းအမွေအနှစ်၏ အရေးပါမှုအပေါ်မူတည်ပြီး သက်ဆိုင်ရာအဆင့်များကို အမည်စာရင်း တင်သွင်းနိုင်ပါသည်။ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်(MoW) အစီအစဉ်၏ ရည်ရွယ်ချက်မှာ လူသားအားလုံးနှင့် သက်ဆိုင်သည့် ကမ္ဘာ့နေရာဒေသအသီးသီးတွင်ရှိနေသော ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန်၊ ပြုပြင်ထိန်းသိမ်းရန်၊ ဒေသအဆင့်၊ အမျိုးသားအဆင့်နှင့် နိုင်ငံတကာဆိုင်ရာ အဆင့်များတွင် မှတ်တမ်းအမွေအနှစ်များအား သိမြင်အလေးထားမှုမြှင့်တင်ရန်နှင့် အပြန်အလှန် အလေးထားမှုရှိစေရန်၊ အထူးသဖြင့် ပဋိပက္ခ သို့မဟုတ် သဘာဝဘေးဒဏ်သင့်ဒေသများ၌ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် လွယ်ကူချောမွေ့စေရန်၊ လူအများကြားတွင် မှတ်တမ်းအမွေအနှစ်များ၏ အရေးပါသော အသိပညာများ ကျယ်ကျယ်ပြန့်ပြန့် တိုးပွားလာစေရန်နှင့် ၎င်းတို့အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အကူအညီ အထောက်အပံ့ပေးရေးတို့ကို ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင်ဖြစ်ရန်အတွက် သတ်မှတ်ထားသော စံသတ်မှတ်ချက် (Criteria) သုံးချက်ရှိပြီး အဆိုပါ စံသတ်မှတ်ချက် (Criteria) သုံးချက်ထဲမှ တစ်ချက်နှင့် ကိုက်ညီလျှင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်း တင်သွင်းနိုင်ပါသည်။ ၎င်းစံသတ်မှတ်ချက် သုံးချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) သမိုင်းကြောင်းဆိုင်ရာ အရေးပါမှု (Historic Significance)။

(ခ) အနုသုခုမဆိုင်ရာ အရေးပါမှု(Aesthetic Significance)။

(ဂ) လူမှုအသိုက်အဝန်းဆိုင်ရာ အရေးပါမှု (Community Significance)။

UNESCO အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အမည်စာရင်း တင်သွင်းရာတွင် နှစ်နှစ်လျှင် တစ်ကြိမ် မှတ်တမ်းအမွေအနှစ် နှစ်ခုအထိ တင်သွင်းနိုင်ပြီး စံသတ်မှတ်ချက်နှင့် ကိုက်ညီသော မှတ်တမ်းအမွေအနှစ်များကို တင်သွင်းသည့်အခါတွင်လည်း သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပြီး ကော်မတီနှစ်ပတ်လည်အစည်းအဝေးတွင် အောက်ဖော်ပြပါအတိုင်း သတ်မှတ်ပါသည် –

(က) ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခြင်း (INSCRIPTION)။

(ခ) အကိုးအကားများဖြင့် ပြန်လည်တင်ပြရန် (REFER AND RESUBMIT)။

(ဂ) ကမ္ဘာ့မှတ်တမ်း အမွေအနှစ်အဖြစ် ယာယီသတ်မှတ်ခြင်း (PROVISIONAL INSCRIPTION)။

(ဃ) ငြင်းပယ်ခြင်း(REJECTION)။

**စာမျက်နှာ ၇ သို့ ❂**

❂ စာမျက်နှာ ၆ မှ

၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အစီအစဉ် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ မှတ်တမ်းအမွေအနှစ် ခြောက်ခုကို ကနဦး အဆိုပြုစာရင်း (Tentative List) အဖြစ် တင်သွင်းခဲ့ပါသည်။ ယင်းတို့မှာ -

(က) မဟာလောကမာရဇိန် သို့မဟုတ် ကုသိုလ်တော်ကျောက်စာ။
(ခ) မြစေတီကျောက်စာ သို့မဟုတ် ရာဇကုမာရ် ကျောက်စာ။
(ဂ) ဟန်လင်းပျူကျောက်စာ။
(ဃ) ပြည်ရွှေဆံတော်ဘုရားကျောက်စာ။
(င) သထုံမွန်ကျောက်စာ။
(စ) ဓမ္မစေတီမင်း မွန်ကျောက်စာ။

ကနဦးအဆိုပြုစာရင်း (Tentative List ခြောက်ခုအနက်မှ မဟာလောကမာရဇိန် သို့မဟုတ် ကုသိုလ်တော်ကျောက်စာ၊ မြစေတီကျောက်စာ အပြင် ရွှေပေလွှာနှင့် ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာတို့မှာ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အဖြစ် သတ်မှတ်ခံခဲ့ရပြီး ဖြစ်ပါသည်။ ကမ္ဘာ့

> ❝ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (The United Nations Educational, Scientific and Cultural Organization-UNESCO)သည် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်(MoW) အစီအစဉ်ကို ၁၉၉၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များကို ၁၉၉၇ ခုနှစ်မှစ၍ နှစ်နှစ်လျှင် တစ်ကြိမ် သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ၁၉၉၇ ခုနှစ်မှစ၍ ၂၀၁၇ ခုနှစ်အထိ မှတ်တမ်းအမွေအနှစ်ပေါင်း ၅၂၇ ခုအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်(MoW) ငါးခု၊ ကမ္ဘောဒီးယားနိုင်ငံတွင် တစ်ခု၊ တရုတ်နိုင်ငံမှ ၁၃ ခုနှင့် အိန္ဒိယနိုင်ငံတွင် ကိုးခုကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် မှတ်တမ်းတင်ထားရှိပြီးဖြစ်❞

မှတ်တမ်းအမွေအနှစ် ၅၂၇ ခုထဲတွင် အောက်ပါ မြန်မာနိုင်ငံရှိ မှတ်တမ်းအမွေအနှစ် လေးခုကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (MoW) အဖြစ် မှတ်တမ်းတင်ထားရှိခံရပြီး ဖြစ်ပါသည် -

(က) **မဟာလောကမာရဇိန် သို့မဟုတ် ကုသိုလ်တော်ကျောက်စာ** (၂၀၁၃ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် တောင်ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့၌ ပြုလုပ်ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အစည်းအဝေးတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့သည်)။

(ခ) **မြန်မာဘုရင် အလောင်းဘုရားမှ ဗြိတိသျှဘုရင် ဂျော့ချ်ဘုရင် (၂) ထံသို့ ပေးပို့သော ရွှေပေလွှာ** (၂၀၁၅ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် အာရပ်စော်ဘွားများ ပြည်ထောင်စု၊ အဘူဒါဘီနိုင်ငံ၌ ကျင်းပသည့် (၁၂) ကြိမ်မြောက်အစည်းအဝေးတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့သည်။ ဤရွှေပေလွှာကို မြန်မာနိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် ဗြိတိန်တို့ ပူးတွဲတင်သွင်းခဲ့ခြင်းဖြစ်ပြီး ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ရှိ Gottfried Wihelm Leibniz စာကြည့်တိုက်တွင် ထိန်းသိမ်းထားရှိပါသည်)။

(ဂ) **မြစေတီ (ရာဇကုမာရ်) ကျောက်စာ** (၂၀၁၅ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် အာရပ်စော်ဘွားများ ပြည်ထောင်စု၊ အဘူဒါဘီနိုင်ငံ၌ ကျင်းပသည့် (၁၂) ကြိမ်မြောက်အစည်းအဝေးတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့သည်)။

(ဃ) **ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာ** (၂၀၁၆ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် သတ္တမအကြိမ်မြောက် အာရှ-ပစိဖိတ် ကော်မတီအစည်းအဝေးတွင် **ဒေသတွင်းမှတ်တမ်းအမွေအနှစ်**အဖြစ် သတ်မှတ်ခံခဲ့ရပြီး ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ပြင်သစ်နိုင်ငံ၌ကျင်းပသည့် (၁၃) ကြိမ်မြောက်အစည်းအဝေးတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ပါသည်)။

ထို့ပြင် ရခိုင်ပြည်နယ် မြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်ကြီးတွင်ရှိသော အေဒီ ၇၂၉ ခု ရခိုင်ဝေသာလီမင်းရေးထိုးခဲ့သည့် အာနန္ဒစန္ဒြမင်းကျောက်စာနှင့် ၁၉၃၄ ခုနှစ်တွင် ရိုက်ကူးခဲ့သော မြဂနိုင်ရုပ်ရှင်တို့မှာလည်း ၂၀၁၈ ခုနှစ် မေလ ၂၉ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့အထိ တောင်ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့၌ ပြုလုပ်ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် မှတ်တမ်းအမွေအနှစ်များဆိုင်ရာ အာရှ-ပစိဖိတ် ကော်မတီအစည်းအဝေးတွင် **ဒေသတွင်းမှတ်တမ်းအမွေအနှစ်** အဖြစ် သတ်မှတ်ခံခဲ့ရပြီး ဖြစ်ပါသည်။



မြန်မာဘုရင် အလောင်းဘုရားမှ ဗြိတိသျှဘုရင် ဂျော့ချ်ဘုရင် (၂)ထံသို့ ပေးပို့သောရွှေပေလွှာ။

မြန်မာနိုင်ငံရှိ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (MoW) စာရင်းဝင် လေးခုနှင့် အာရှ-ပစိဖိတ် ဒေသတွင်းမှတ်တမ်းအမွေအနှစ်ဖြစ်သော အာနန္ဒစန္ဒြမင်းကျောက်စာအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက UNESCO သို့ အဆိုပြုအမည်စာရင်း တင်သွင်းခြင်းဖြစ်ပြီး မြဂနိုင်ရုပ်ရှင်မှာမူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် Save Myanmar Flim တို့ ပူးပေါင်း၍တင်သွင်းခြင်း ဖြစ်ပါသည်။ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (MoW) နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက Focal အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော်လည်း အခြားသောအဖွဲ့အစည်းများကသော်လည်းကောင်း၊ ပုဂ္ဂလိကကသော်လည်းကောင်း အဆိုပြုအမည်စာရင်းကို တင်သွင်း၍ မိမိတို့မြန်မာနိုင်ငံရှိ မှတ်တမ်းအမွေအနှစ်များကို ကမ္ဘာကသိအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ပါသဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် မိမိတို့နိုင်ငံရှိ များပြားပြီး ထူးခြားအနှစ်သာရရှိသည့် မှတ်တမ်းအမွေအနှစ်များကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ဖြစ်ရေး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့အမွေအနှစ်များကို ကမ္ဘာကသိရှိနိုင်ရေးနှင့် ဒေသတွင်းနိုင်ငံများနှင့် တန်းတူဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရန်လိုအပ်ပါသည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့၏ ယဉ်ကျေးမှုဆိုင်ရာ မှတ်တမ်းအမွေအနှစ်များကို ယူနက်စကို (UNESCO) ၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်း (MoW) သို့ တင်သွင်း၍ မိမိတို့၏ ယဉ်ကျေးမှုဆိုင်ရာ မှတ်တမ်းအမွေအနှစ်များ ရေရှည်တည်တံ့စေရန်နှင့် တိုးတက်စေရန်အတွက် အဆိုပြုစီမံကိန်း (Project Proposal) များ တင်သွင်းပြီး အထောက်အပံ့ (Funding) ကို ယူနက်စကို (UNESCO) အဖွဲ့သို့ လျှောက်ထားနိုင်ပါသည်။ ၎င်းအထောက်အပံ့ဖြင့် မှတ်တမ်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းများ ဆောင်ရွက်နိုင်မည့်အပြင် စာရင်းဝင်ဖြစ်လာပါကလည်း ကမ္ဘာ့အလယ်တွင် မိမိတို့နိုင်ငံ၏ယဉ်ကျေးမှုဂုဏ်သိက္ခာကို မြှင့်တင်နိုင်သည်နှင့်အမျှ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆွဲဆောင်နိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံရှိ ကျောက်စာ၊ လက်ရေးစာများ၊ တန်ဖိုးမဖြတ်နိုင်သောစာအုပ်များ၊ သတင်းစာများ၊ ဓာတ်ပုံနှင့် ပန်းချီကားများ၊ ဖလင်များ၊ အသံနှင့် ဗီဒီယိုအခွေများ၊ စီဒီ၊ အသံမှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ စသည့် မှတ်တမ်းအမွေအနှစ်များကို နောင်မျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းလွှဲပြောင်းပေးနိုင်ရန်အတွက် မြန်မာ့မှတ်တမ်းအမွေအနှစ်များကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါသည်။ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်ပါက မိမိတို့နိုင်ငံ၏ မှတ်တမ်းအမွေအနှစ်များကို နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပညာရှင်များ၏ ပူးပေါင်းစောင့်ရှောက်မှုကို ရရှိစေမည့်အပြင် UNESCO နှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ခြင်း၊ UNESCO အဖွဲ့ဝင်နိုင်ငံများနှင့်လည်း ယဉ်ကျေးမှုဆိုင်ရာကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသဖြင့် မိမိတို့နိုင်ငံ၏ မြောက်မြားလှစွာသော အမျိုးသားမှတ်တမ်းအမွေအနှစ်များကို သက်ဆိုင်ရာဌာနများနှင့်အတူ မြန်မာနိုင်ငံသားအားလုံးက ပူးပေါင်းပါဝင်ကာ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်ဖြစ်စေရန် ဆောင်ရွက်ခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြပါရန် နှိုးဆော်တင်ပြလိုက်ရပါသည်။ ။

## ○ တနင်္သာရီတိုင်းဒေသကြီးမှ

ပြောင်းရွှေ့လာတာ များလာတယ်။ ဒါကြောင့် အိမ်ခြံမြေနဲ့ ဥယျာဉ်ခြံတွေ အဝယ်များလာတော့ ဈေးနှုန်းလည်း မြင့်တက်လာတာပါ”ဟု အိမ်ခြံမြေရောင်းဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးက ပြောသည်။

မြိတ်မြို့နယ်အတွင်းရှိ အိမ်ခြံမြေဈေးကွက်မှာ မြို့ပေါ်ရပ်ကွက်များတွင်နေရာနှင့် အိမ်အမျိုးအစားပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိသော်လည်း ဈေးနှုန်းများလျော့နည်းလာခြင်းမရှိဘဲ အမြင့်သာရှိကြောင်း သိရသည်။ မြို့ပေါ်ရပ်ကွက်တွင် အနေအထားနှင့် မြေအကျယ်အဝန်းပေါ်မူတည်ပြီး ပေ ၃၀ x ပေ ၅၀ တစ်ကွက်လျှင် သိန်းရာဂဏန်းမှ သိန်းထောင်ဂဏန်းအထိရှိပြီး ကမ်းနားလမ်း၊ ဈေးကြီးအနီးနှင့် တချို့ရပ်ကွက်များတွင် သိန်းသောင်းဂဏန်းအထိ ရှိကြောင်း၊ ကျေးရွာအုပ်စုများတွင် ပေ ၃၀ x ပေ ၅၀ တစ်ကွက်လျှင် သိန်း ၃၀ မှ သိန်း ၁၀၀ ဝန်းကျင်ခန့်ရှိကြောင်းနှင့် ဥယျာဉ်မြေများမှာ မြေအကျယ်အဝန်းနှင့် နှစ်ရှည်ပင်များစိုက်ပျိုးမှုပေါ်မူတည်၍ တစ်ဧကလျှင်သိန်း ၁၀၀ မှ ၃၀၀ ခန့်အထိရှိကြောင်း အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

မြင့်ဦး(မြိတ်)

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၀၃) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ





**ရန်ကုန် ဇန်နဝါရီ ၉**

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ယနေ့ နံနက် ၈ နာရီတွင် စာရေးဝန်ထမ်းအခြေခံ သင်တန်းအမှတ်စဉ် (၂၀၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး) ဒေါ်မူမူမြင့်က သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

စာရေးဝန်ထမ်း အခြေခံ သင်တန်းအမှတ်စဉ်(၂၀၃) သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၁၈၉ ဦး၊ သင်တန်းသူ ၂၈၁ ဦး စုစုပေါင်း ၄၇၀ တို့ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇန်နဝါရီ ၉ ရက်မှ မတ် ၁၇ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဦးစီးမှူးများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲရုံး အဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် အမှုထမ်း(ဒုတိယဦးစီးမှူး) များ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိသည့်အနက် ၁၉၁ နိုင်ငံ၌ ရွေးကောက်ပွဲများ ကျင်းပလျက်ရှိကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံအား ဦးစီးဦးဆောင်ပြုကြမည့် ပုဂ္ဂိုလ်များ တစ်နည်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒရှင်ပြည်သူများက ၎င်းတို့၏ ဆန္ဒနှင့်အညီ ဆန္ဒမဲပေး ရွေးချယ်ခြင်းဖြစ်ပြီး ယင်းသို့ ဆန္ဒမဲပေးရွေးချယ် နိုင်စေရန် ရွေးကောက်ပွဲကော်မရှင်က တာဝန်ယူကြီးကြပ် ကျင်းပပေး ရကြောင်း။

**လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပပေးရ**

မြန်မာနိုင်ငံတွင်လည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်တို့အတွက် လွှတ်တော် ကိုယ်စားလှယ်များကို မဲဆန္ဒရှင်ပြည်သူများက ၎င်းတို့၏ ဆန္ဒနှင့်အညီ ဆန္ဒမဲပေးရွေးကောက်တင်မြှောက်နိုင်ရန် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပပေးရကြောင်း၊ ရွေးကောက်ပွဲများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများဖြစ်စေရန် ဆောင်ရွက်ပေးရကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ပြဋ္ဌာန်း ထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့်အညီဖြစ်စေရန် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား ကြီးကြပ်ရသကဲ့သို့ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုလည်း ဥပဒေနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်ရေး ကြီးကြပ်ဆောင်ရွက်ရကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရန် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအနေဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ အမျိုးသား လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေတို့ကို ပြဋ္ဌာန်းထား ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းတာဝန်များ အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် ၁၃ ချက် ပြဋ္ဌာန်းထားသော်လည်း အဓိကအားဖြင့် ရွေးကောက်ပွဲများ ကျင်းပပေးရန်၊ နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးရန်၊ ရွေးကောက်ပွဲကန့်ကွက်လွှာများကို ရွေးကောက်ပွဲ ခုံအဖွဲ့များဖွဲ့စည်း၍ စစ်ဆေးရန်ဆိုသည့် တာဝန် သုံးချက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် ရွေးကောက်ပွဲမတိုင်မီ (အကြို) ကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန် (နှောင်းပိုင်း) ကာလ ဟူ၍ အပိုင်း သုံးပိုင်း ရှိကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လာမည့် ရွေးကောက်ပွဲများတွင် ယခင်ကျင့်သုံးခဲ့သည့် မဲအများဆုံးရသူ အနိုင် ရသည့် (FPTP) စနစ်အစား မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲများ အလဟဿ လေလွင့်ဆုံးရှုံးမှုနည်းပါးပြီး မဲဆန္ဒရှင်များ၏ဆန္ဒမဲများကို အချိုးကျ ကိုယ်စားပြုပေးနိုင်သည့် အချိုးကျကိုယ်စားပြုစနစ် (PR System ) ကို ကျင့်သုံးဆောင်ရွက်ရေး နိုင်ငံရေးပါတီများနှင့် လေးကြိမ် တွေ့ဆုံဆွေးနွေး သဘောတူညီခဲ့ပြီးဖြစ်ကြောင်း၊ အချိုးကျ ကိုယ်စားပြု စနစ် ကျင့်သုံးရာတွင်လည်း မြန်မာနိုင်ငံနှင့် သင့်လျော်သည့် ရိုးရှင်း လွယ်ကူသော Closed List PR စနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း၊ PR စနစ်နှင့်ပတ်သက်ပြီး သေသေချာချာ လေ့လာမှတ်သားကြရန် မှာကြား လိုကြောင်း။

ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲကော်မရှင်သည် အဓိကတာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ ကော်မရှင် ၏လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက်များသည်ကော်မရှင်၏သိက္ခာ၊ နိုင်ငံ၏ဂုဏ်သိက္ခာကို ထိခိုက်နိုင်သည့်အတွက် အမှားမရှိစေရန် သတိမူ ရမည်ဖြစ်ပြီး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း၊ သင်တန်းသားများ အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရေး လေ့လာသင်ယူကြရန် ပြောကြားသည်။

ယင်းနောက် သင်တန်းသားတစ်ဦးချင်းစီအလိုက် ကိုယ်ရေး အချက်အလက်များကိုတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ အဆိုပါသင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်း သူများ တက်ရောက်ကြပြီး သင်တန်းကို ဇန်နဝါရီ ၉ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံ



**မြစ်ကြီးနား ဇန်နဝါရီ ၉**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင် တို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ ခေါင်းဆောင်များ၊ အဖွဲ့ဝင်များ နှင့် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်း အတွင်းရှိ မနောအိမ်၌ တွေ့ဆုံသည်။

**စိန်ရတုပြည့်မြောက်ခဲ့ပြီဖြစ်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကချင် ပြည်နယ်သူ ပြည်နယ်သားများ၏ စည်းလုံးညီညွတ် မှုကြောင့် ကချင်ပြည်နယ်သည် ယခုကဲ့သို့ (၇၅) နှစ်မြောက် စိန်ရတုပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့တိုင်းပြည်သည် နယ်ချဲ့အင်္ဂလိပ်တို့၏ သွေးခွဲ အုပ်ချုပ်မှုကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့သော်လည်း မိမိတို့ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကြောင့် လွတ်လပ်ရေးကို ရယူနိုင်ခဲ့ပါကြောင်း၊ မိမိတို့အနေ ဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးသည် အရေး ကြီးသလို ကချင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးနှင့် ဗမာတိုင်းရင်းသားတို့ အချင်းချင်းစည်းစည်းလုံးလုံး ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ကြိုးပမ်းဆောင်ရွက် သွားကြရမည် ဖြစ်ကြောင်း၊ ယနေ့ တိုင်းရင်းသားခေါင်းဆောင်များ အနေဖြင့် မိမိတို့၏လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် က မိမိတို့တိုင်းရင်းသားအဖွဲ့များ အချင်းချင်း စည်းလုံးညီညွတ်ပြီး ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက် ရေးအတွက် ဝိုင်းဝန်းပူးပေါင်းကြိုးစားကြရန် လိုကြောင်း တိုက်တွန်းမှာကြားပြီး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ် ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ပြည်နယ်အတွင်း ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ များဖြစ်သည့် ကချင် ခြောက်မျိုး၊ ရှမ်း ငါးမျိုးနှင့် ဗမာ တိုင်းရင်းသားမျိုးနွယ်စု ခေါင်းဆောင်များထံ ထောက်ပံ့ငွေကျပ် သုံးသိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၃၆ သိန်းကို ထောက်ပံ့ပေးအပ်ကြရာ ကချင် တိုင်းရင်းသားမျိုးနွယ်စုအားလုံးကိုယ်စား မြန်မာနိုင်ငံ ကချင်လူမျိုး ရိုးရာယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးလနူး ကလည်းကောင်း၊ ရှမ်းမျိုးနွယ်စုများကိုယ်စား ကချင် ပြည်နယ် ရှမ်းမျိုးနွယ်စုစာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးစောနွံ့ကြံအောင်ကလည်းကောင်း၊ ဗမာ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်း အတွင်းရေးမှူး ဦးဝင်းကြည်ကလည်းကောင်း၊ ကျေးဇူးတင်စကားနှင့် အသင်း၊ အဖွဲ့များအတွက် လိုလားချက်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းအဖွဲ့များနှင့်အတူ မနော အိမ်ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြ ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း စတင်ကောက်ယူ

**ပြင်ဦးလွင် ဇန်နဝါရီ ၉**။ ။ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ရပ်ကွက်/ ကျေးရွာအုပ်စု မြေပြင် တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များက အိမ်ထောင်စုစာရင်း မြေပြင်ကွင်းဆင်းတိုက်ဆိုင် စစ်ဆေးခြင်းလုပ်ငန်းများကို ယနေ့ နံနက် ၈ နာရီမှစ၍ ကောက်ယူခဲ့သည်။

ယင်းသို့ ကောက်ယူရာတွင် အိမ်ထောင်စုလူဦးရေ စာရင်း မြေပြင်ကွင်းဆင်းကောက်ယူခြင်း၊ မှတ်ပုံတင် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများနှင့် မသန်စွမ်းစာရင်း များ စုစည်းကောက်ခံခြင်းများကို ခရိုင်မြေပြင် ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးသန့်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မြေပြင်ကွင်းဆင်း ကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့်အဖွဲ့ဝင်များက လိုက်လံ ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မြေပြင်တစ်အိမ်တက်ဆင်းကွင်းဆင်း ကောက်ယူခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ ကျင်းပ




ရန်ကုန် ဇန်နဝါရီ ၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဘာဝနာမဟာသဘာ တရားထိုင်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ တက္ကသိုလ်အဓိပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဇမဟာရဋ္ဌဂုရု အဘိဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ နှင့် တက္ကသိုလ် ဩဝါဒါစရိယ အဖွဲ့ဒုတိယဥက္ကဋ္ဌ တက္ကသိုလ် ဒုတိယအဓိပတိ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဩဝါဒါစရိယအဖွဲ့ဝင်ဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ကောင်စီ ဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ တက္ကသိုလ် ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

**လျှောက်ထား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက နိုင်ငံတော်အစိုးရသည် စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော် ကမ္ဘာတစ်ဝန်းလုံးတွင် ပြန့်ပွားစေရန် သင်္ဂါယနာခြောက်တန်တင် ထေရဝါဒပိဋကတ်စာပေများကို မူရင်းအတိုင်း လေ့လာသင်ယူခွင့်ရရှိပြီး လိုက်နာ ကျင့်သုံးနိုင်စေရန် ရည်မှန်းချက်ဖြင့် ပြည်တွင်း ပြည်ပမှ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များကို ဤတက္ကသိုလ်ကြီးတွင် အခမဲ့လေ့လာသင်ယူစေလျက်ရှိကြောင်းနှင့် တက္ကသိုလ်အတွက် လိုအပ်သည့် သင်ကြားရေးရာ၊ စီမံရေးရာ ကိစ္စရပ်များကို တက္ကသိုလ် ဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများက လိုအပ်သလို ဩဝါဒများ ချီးမြှင့်ပေးတော်မူပါရန် လျှောက်ထားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ တက္ကသိုလ်အဓိပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒုတိယဥက္ကဋ္ဌ တက္ကသိုလ် ဒုတိယအဓိပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်နှင့် တက္ကသိုလ်ဩဝါဒါစရိယအဖွဲ့ဝင် ဆရာတော်ကြီးများက ဩဝါဒကထာများ မြွက်ကြားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကြွရောက်တော်မူလာကြသော အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ ဆရာတော်ကြီးများကို နဝကမ္မနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ဩဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ တက္ကသိုလ် ဒုတိယအဓိပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်ထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Manjurul Karim Khan Chowdhury ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၉

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Manjurul Karim Khan Chowdhury ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသဆိုင်ရာ ရုံး၏ ညွှန်ကြားရေးမှူး ရွေးချယ်ခန့်ထားနိုင်ရေးကိစ္စ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှထုတ်လုပ်သည့် ဆေးနှင့် ဆေးပစ္စည်းများ မြန်မာနိုင်ငံတွင် မှတ်ပုံတင်နိုင်ရေးနှင့် ဖြန့်ဖြူး အသုံးပြုနိုင်ရေးကိစ္စ၊ ကျန်းမာရေးဆိုင်ရာ ကိုယ်စားလှယ်များကို နှစ်နိုင်ငံ အပြန်အလှန်စေလွှတ်နိုင်ရေးကိစ္စနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆိုင်ရာ ကိစ္စရပ်များကို နှစ်နိုင်ငံ ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ် ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စု ဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန)၊ ညွှန်ကြားရေးမှူးချုပ် (ကုသရေးဦးစီးဌာန)၊ ဒုတိယ အမြဲတမ်းအတွင်းဝန် (ပြည်ထောင်စုဝန်ကြီးရုံး) နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် စမ်းသပ်အသုံးပြုခြင်းနှင့် Excel Data Migration ပြုလုပ်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Social Management Information System–SMIS) စနစ် စမ်းသပ်အသုံးပြုခြင်းနှင့် Excel Data Migration ပြုလုပ်ခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Social Management Information System–SMIS) Software သည် တပ်မတော်သတင်းနည်းပညာဌာန၏ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကြောင့် ယနေ့ကဲ့သို့ အကောင်အထည်ပေါ်အောင်မြင်ခဲ့ခြင်းဖြစ်သည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အထူးကျေးဇူးတင်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ ပံ့ပိုးကူညီမှုဖြင့် နိုင်ငံအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော နည်းပညာအသုံးပြု ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်ဖြစ်သည့် "လူမှုဖြစ်ရပ်စီမံခန့်ခွဲမှုစနစ် – Case Management Information System–CMIS" ကို ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ASOCIO Digital Government Award ကို ရရှိခဲ့ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် Digital စနစ်သို့ အသွင်ကူးပြောင်းနိုင်မှု၏ သမိုင်းမှတ်တိုင်တစ်ခုလည်းဖြစ်ကြောင်း။

ယခုဆိုလျှင် ပြည်သူလူထုအတွင်း လူမှုရေးဝန်ဆောင်မှုများကို ထိရောက်စွာ ဆောင်ရွက်လာနိုင်တော့မည်ဖြစ်ပြီး SMIS Software ရေးဆွဲဆောင်ရွက်ခြင်းဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များကို စီမံခန့်ခွဲရာ၌ ကုန်ကျစရိတ်များသက်သာစေခြင်း၊ အကျိုးခံစားခွင့်ရရှိသူများ၏ ပြီးပြည့်စုံသော အချက်အလက်များကို ထိန်းသိမ်းထားနိုင်ခြင်း၊ အစီအစဉ်အသစ်များကိုလည်း တိုးချဲ့ဆောင်ရွက်နိုင်ခြင်း၊ အကျိုးခံစားခွင့်ရရှိသူများကို ဝန်ဆောင်မှုများပေးရာတွင် ရည်ရွယ်ချက်များနှင့်အညီ ပိုမိုထိရောက်အောင်မြင်စွာ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများကိုရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၉ ရက်မှ ၂၀ ရက်အထိ သင်တန်းသား ၅၁ ဦးဖြင့် ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြစ်ကြီးနားမြို့၌ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၊ ထောက်ပံ့ငွေများ ပေးအပ်



မြစ်ကြီးနား ဇန်နဝါရီ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လူထုအခြေပြုဗဟိုဌာန၌ ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကာ ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲသို့ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးထွန်း၊ ရပ်မိရပ်ဖများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ထပ်ဆင့်လွှင့်စက်ရုံ)၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း(NRC)၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)တို့မှ အရာထမ်း၊ အမှုထမ်းများ၊ ကချင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ စာရေးဆရာအကြီးကိုကို(ကသာ)နှင့် မြို့နယ် စာရေးဆရာများအသင်းမှ စာရေးဆရာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လူထုအခြေပြုဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် ပြတိုက်ငယ်၊ ကလေးစာဖတ်ခန်း၊ ပြည်သူ့စာကြည့်တိုက်အတွင်း အသိပညာပေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေမှုနှင့် ကွန်ပျူတာသင်တန်းခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တွေ့ဆုံပွဲကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ဝန်ထမ်းများဖြစ်သည့်အတွက် ပါတီနိုင်ငံရေးကင်းရှင်းစွာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်၊ နိုင်ငံတော်နှင့် ပြည်သူ့အတွက် အကျိုးရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ရန်၊ စိတ်ထားကောင်းသည့်၊ နိုင်ငံချစ်တတ်သည့် လူငယ်များ ပေါ်ထွန်းလာစေရေး၊ ပြည်သူများထံ သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီ သိရှိစေရေးနှင့် နိုင်ငံတော်က အားထားရသည့် မီဒီယာသမားများ ဖြစ်လာစေရေး ကြိုးစားကြရန်၊ ယခု လူထုအခြေပြုဗဟိုဌာနကို ပြည်သူများ၊ လူငယ်များ ပိုမိုလာရောက် အသုံးပြုနိုင်ရေး ထိုးထွင်းကြံဆဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလှငွေးက ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဌာနလုပ်ငန်းများကို လည်းကောင်း၊ စာရေးဆရာများနှင့် ရပ်မိရပ်ဖများက အသိပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)သို့ ရောက်ရှိပြီး လှည့်လည်ကြည့်ရှု စစ်ဆေးကာ ကိုယ်ပွားသတင်းစာတိုက် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

**ပြည်နယ်(ပြန်/ဆက်)**



ဒုတိယဝန်ကြီး ဦးရဲတင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဘုန်းမောင်ဝင်း(ဖျာပုံ)အား ဆုချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဦးဇော်ဝင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ငြိမ်းချမ်းမေအား ဆုချီးမြှင့်စဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမကြီး၌ ကျင်းပပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့သည် ထူးခြားလေးနက်ပြီး ကြံ့တောင့်ကြံ့ခံနေ့ထူးနေ့မြတ်ဖြစ်သည့်အတွက် နိုင်ငံလွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံ၊ (၇၅)နှစ် စိန်ရတုတိုင် ဖြတ်သန်းခဲ့ရသည့် လွတ်လပ်ရေး၏ အနှစ်သာရများ၊ သမိုင်းမှတ်တမ်းတစ်လျှောက် အစဉ်အလာကြီးမားခဲ့သည့် လွတ်လပ်ရေးနေ့၏ ပုံရိပ်များနှင့် လွတ်လပ်ရေးကြီးကို ထိန်းသိမ်းစောင့်ရှောက်မည်ဆိုသည့် မွန်မြတ်သည့် ရည်ရွယ်ချက်များကို ပြည်သူလူထုများ၊ လူငယ်လူရွယ်များအကြားတွင် သိမြင်ပြီး စိမ့်ဝင်ပျံ့နှံ့စေရန် ယင်းဆောင်းပါးပြိုင်ပွဲကို ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲသို့ မြန်မာနိုင်ငံအရပ်ရပ်မှ စာပေပညာရှင်များနှင့် ဝါသနာရှင် ၉၆ ဦးတို့က ဆောင်းပါး ၉၆ ပုဒ် ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်ဆောင်းပါးများကို မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ စာပေပညာရှင်ကြီးများက ဆုစိစစ်ရွေးချယ်ပေးခဲ့ကြခြင်းဖြစ်သည်။

ဆုချီးမြှင့်ပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဦးဇော်ဝင်း၊ ဒေါက်တာအေးထွန်းနှင့် ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ရည်ရွယ်ချက်ကောင်းမွန်သည့် ဆောင်းပါးပြိုင်ပွဲများကို ကျင်းပခြင်းဖြင့် ပြည်သူလူထုအတွင်း မိမိနိုင်ငံအပေါ် တန်ဖိုးထားဂုဏ်ယူလိုစိတ်များ၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လေးစားတန်ဖိုးထားလိုစိတ်များ၊ ဇာတိသွေး ဇာတိမာန်ထက်သန်စိတ်များ ပျံ့နှံ့လာမည်ဟု ယုံကြည်ပါကြောင်း၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိကြသည့် ပြိုင်ပွဲဝင်များကို ဂုဏ်ပြုချီးမြှင့်ရင်း နောင်နှစ်များတွင်လည်း ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်လိုပါကြောင်းနှင့် ပြိုင်ပွဲဝင်ဆောင်းပါးများမှတစ်ဆင့် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ လွတ်လပ်ရေး၏ တန်ဖိုးနှင့် လွတ်လပ်ရေး၏ အနှစ်သာရများကို ထင်ဟပ်ဖော်ကျူးနိုင်အောင် ဆက်လက်ရေးသား ဖန်တီးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆောင်းပါးပြိုင်ပွဲတွင် အထူးဆု(၅)ရရှိသူ ဦးသန်းကျော် ကလောင်အမည် မောင်(ပုလဲမြေ)အား နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက လည်းကောင်း၊ အထူးဆု(၄)ရရှိသူ ဦးဆန်းဦး ကလောင်အမည် မင်းလပြည့်(ဟားခါး)နှင့် အထူးဆု(၃)ရရှိသူ ဦးသန်းနိုင် ကလောင်အမည် မင်းသန်းနိုင်(မုဒုံ)တို့အား ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းကလည်းကောင်း၊ အထူးဆု(၂)ရရှိသူ ဦးကျော်ကျော် ကလောင်အမည် မနောသစ်(ပခုက္ကူ)နှင့် အထူးဆု(၁)ရရှိသူ ဦးတင်ကိုဝင်း ကလောင်အမည် တင်ကိုဝင်းတို့အား ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ "ချိန်ခါယခု စိန်မဟာရတုလွတ်လပ်ရေး အားလုံးစုံညီ ပါဝင်ဆင်နွှဲပေး"ဆောင်းပါးဖြင့် တတိယဆုရရှိသူ ဦးစိန်ဝင်း ကလောင်အမည် ရင်ငြိမ်းအေး(မေတ္တာမြေ)နှင့် "မြန်မာနိုင်ငံ၏အနာဂတ်လှပဖို့ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စို့" ဆောင်းပါးဖြင့် ဒုတိယဆုရရှိသူ ဒေါ်လှလှမြင့် ကလောင်အမည် ငြိမ်းချမ်းမေတို့အား ဒုတိယဝန်ကြီး ဦးဇော်ဝင်းက လည်းကောင်း၊ "ပြည်ထောင်စုအမွေ အမြဲတည်တံ့စေထိန်းသိမ်းစို့လေ"ဆောင်းပါးဖြင့် ပထမဆုရရှိသူ ဗိုလ်ကြီးညွန့်ဝင်း(ငြိမ်း) ကလောင်အမည် ဘုန်းမောင်ဝင်း(ဖျာပုံ)အား ဒုတိယဝန်ကြီး ဦးရဲတင့်ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဆုရရှိသူများကိုယ်စား ပထမဆုရရှိသည့် ဗိုလ်ကြီးညွန့်ဝင်း(ငြိမ်း)က ကျေးဇူးတင်စကားပြောကြားပြီး ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများသည် ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# တောင်ကြီးတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အထူးပြုဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၉**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တောင်ကြီးတက္ကသိုလ် အထူးပြုဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် တောင်ကြီးတက္ကသိုလ်ဘောလုံးကွင်း၌ ကျင်းပသည်။

**ဖျော်ဖြေတင်ဆက်**

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် အထူးပြုဘာသာရပ်ပေါင်းစုံပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ဖွင့်ပွဲတွင် တောင်ကြီးတက္ကသိုလ် Fitness Dance အကအဖွဲ့က ဖျော်ဖြေတင်ဆက်ကြပြီး ပြိုင်ပွဲဝင် အားကစားသမားများက ကွင်းအတွင်းနေရာယူ၍ မအေးစန္ဒာချိုက "ဂိုးသွင်းကောင်းတဲ့ တို့ကိုကို" သီချင်းဖြင့် သီဆိုဖျော်ဖြေကာ အားကစားသမားများက ပြည်နယ်ဝန်ကြီးချုပ်အား အလေးပြုကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ယခုလို အထူးပြုဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပရ



သည့် ရည်ရွယ်ချက်မှာ လူငယ်မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ ကျောင်းသား ကျောင်းသူအချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှု ရရှိကာ ကျန်းမာကြံ့ခိုင်သော လူငယ်များ ပေါ်ထွက်လာစေရေး၊ ကျောင်းသား ကျောင်းသူတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း၊ အထူးပြုဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲကို အမျိုးသား ၁၃ သင်းနှင့် အမျိုးသမီး ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်မှ ၂၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့က အားကစားပြိုင်ပွဲအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တောင်ကြီးတက္ကသိုလ် အထူးပြုဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ဂိုးပိုက်နှင့် ဘောလုံးများကို ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအောင်မြင့်တို့က ပေးအပ်ရာ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသီသင်က လက်ခံရယူပြီး ပထမပွဲစဉ်အဖြစ် မြန်မာစာဘာသာရပ်အသင်းနှင့် ရူပဗေဒဘာသာရပ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ ပထမအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေး အထောက်အကူပြု လုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ-၁ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဥက္ကဋ္ဌ- ၂ ဒုတိယဝန်ကြီး ဦးထွန်းအုံ တို့က အဖွင့်အမှာစကား ပြောကြားကြသည်။



**ဖတ်ကြားတင်ပြ**

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက လုပ်ငန်းကော်မတီက အတည်ပြုထားသည့် အခန်း / ခေါင်းစဉ်များ (ပထမမူကြမ်း) အရ စတင်ရေးဆွဲပြုစုနိုင်ရေးအတွက် ရေးဆွဲရေးအဖွဲ့ငယ်များ ဖွဲ့စည်းတာဝန်ပေးနိုင်ရန်ကိစ္စရပ်များ၊ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မည့် အချိန်ကာလလျာထား သတ်မှတ်နိုင်ရန်၊ လုပ်ငန်းစီမံချက်မူကြမ်းကို ရေးဆွဲပြုစုပြီး လုပ်ငန်းကော်မတီသို့ တင်ပြပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အစည်းအဝေးတွင် ဆွေးနွေးရန်ကိစ္စရပ်များကို ဖတ်ကြားတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းအကြောင်းအရာ တစ်ခုချင်းအပေါ် ဆွေးနွေးဆောင်ရွက်ကြသည်။

အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေရေးဆွဲရေးလုပ်ငန်းများအား အထောက်အကူပြု ဆောင်ရွက်ပေးရန် အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ကို အမျိုးသားမြေအသုံးချမှုကောင်စီ၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၉/ ၂၀၂၂ ဖြင့် ပြင်ဆင်ဖွဲ့စည်းပေးပြီး လုပ်ငန်းတာဝန်ခြောက်ချက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ လုပ်ငန်းအဖွဲ့အနေဖြင့် အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များက ပြန်လည် ပေးပို့လာကြသည့် သဘောထားမှတ်ချက်များ အကြံပြုချက်များကို ပြန်လည်စုစည်းစိစစ်ပြီး အမျိုးသားမြေဥပဒေ (မူကြမ်း) တွင် ပါဝင်သင့်သော အခန်း / ခေါင်းစဉ်များ (ပထမမူကြမ်း) ကို အတည်ပြုသတ်မှတ်နိုင်ရန်၊ ဥပဒေရေးဆွဲနိုင်ရေး အစီအစဉ်များ အစီအမံများ စတင်ချမှတ်ခြင်းကို ယနေ့အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် ပြည်နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများက ကြိုပါသည် စုံညီပွဲတော် သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းများအလိုက် ကျောင်းသား ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း တက္ကသိုလ်ဝင်တန်းအောင်ချက် အကောင်းဆုံးဆုရရှိသော အခြေခံပညာအထက်တန်းကျောင်းများနှင့် ထူးချွန်ဆုရကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် တိုင်းမှူးက ပညာရေးစုံညီပွဲတော်အတွက် ထောက်ပံ့ငွေများပေးအပ်ပြီး ကျောင်းများအလိုက် ခင်းကျင်းပြသထားသော ကျောင်းတွင်းလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**လှည်းကူး ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများတွင် ယနေ့ နံနက် ၈ နာရီတွင် မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့များ (Working Group)က အိမ်ထောင်စုလူဦးရေစာရင်းကောက်ယူခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြေပြင်တစ်အိမ်တက်ဆင်း စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်စာရေး၊ ရာအိမ် မှူး၊ ဆယ်အိမ်မှူး၊ အရန်မီးသတ်၊ ကြက်ခြေနီ၊ စေတနာ့ဝန်ထမ်း၊ လူမှုရေးအဖွဲ့များနှင့် လုံခြုံရေးအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့များက အိမ်ထောင်စုစာရင်းများ မှန်ကန်စေရေးအတွက် သတ်မှတ်စာရင်းပုံစံများဖြင့် ကောက်ယူလျက်ရှိကြောင်းနှင့် မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ကောက်ကွက်



၂၁၈ ကွက်အား တစ်ပြိုင်တည်းဆက်လက်၍ စာရင်းများကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး**

# မအူပင်မြို့နယ်၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မအူပင် ဇန်နဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်စေရေးအတွက် ယမန်နေ့နံနက်ပိုင်းမှစတင်၍ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအေးမင်းသန်းဦးဆောင်သော ဝန်ထမ်းများက ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ထရန်စဖော်မာများအား load balancing ပြုလုပ်ခြင်းနှင့် ဓာတ်အားလိုင်း connectionများ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၂၂၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၉-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၉-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၂၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၅၃,၆၁၄)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၂၄)ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀)ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၃၆၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ရောဂါနောက်ဆက်တွဲ ပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို ကာကွယ်နိုင်ရန်နှင့် လျှော့ချနိုင်ရန်တို့အတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ခံယူကြရန် လိုအပ်ပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး(Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုပ်ဌာန/ရုံးများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုပ်ဌာန/ရုံးခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရည်ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ ww.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**



## ပေါက်ခေါင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံပေး

**ပေါက်ခေါင်း ဇန်နဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများဖြစ်သော အထက(ပေါက်ခေါင်း)၊ အထက(အိုးဘိုကုန်း)၊ အထက(တောင်လည်)နှင့် အထက(ကြို့ပင်ကန်)တို့တွင် အသက် ငါးနှစ်မှ ၁၂ နှစ်အတွင်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီမှစတင်၍ အဆိုပါ စာသင်ကျောင်းခန်းမများတွင် ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် အဖွဲ့ ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်မျိုးမြတ်၊ ကျောင်းအုပ် ဆရာကြီး၊ ဆရာမကြီးများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသက် ငါးနှစ်မှ အသက် ၁၂ နှစ်အတွင်း ကျောင်းသား ကျောင်းသူများအား စနစ်တကျထိုးနှံပေးခဲ့ကြောင်းနှင့် ဆေးထိုးရန်ကျန်ရှိသည့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

## ထန်းတပင်မြို့၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး

**ထန်းတပင် ဇန်နဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် အသက် ငါးနှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူများအား တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီတွင် သီရိဟေမာရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အခြေခံပညာမူလတန်းလွန်ကျောင်းတွင် အသက် ငါးနှစ်မှ ၁၂နှစ်အထိ ကျောင်းသား ကျောင်းသူ ၁၂၀ အား ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ကာကွယ်ဆေးထိုးနှံရန်လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများကို လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ပေးခြင်း၊ စာရင်းမှတ်တမ်းရေးသွင်းခြင်း၊ စာရင်းကောက်ယူခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မင်းလှမြို့၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး

**မင်းလှ ဇန်နဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာနက အသက် ငါးနှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(တတိယအကြိမ်)ထိုးနှံပေးခြင်းအား ဇန်နဝါရီ ၉ ရက်မှ စတင်၍ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ဆေးထိုးနှံခြင်းကို မြို့နယ်ဆရာဝန်ကြီးဒေါက်တာလှဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများ ပူးပေါင်း၍ ဆေးထိုးစုရပ်နေရာများဖြစ်သည့် အခြေခံပညာကျောင်းများတွင် ကျောင်းခွဲများအလိုက် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

မင်းလှမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၅၅ ကျောင်းနှင့် ဘ/က လေးကျောင်း စုစုပေါင်း ၁၅၉ ကျောင်းမှ အသက် ငါးနှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူ ၁၁၅၈၂ ဦးရှိပြီး သတ်မှတ်ကာလ အတွင်း ရာနှုန်းပြည့်ထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လက်ပံတန်းမြို့၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး



**လက်ပံတန်း ဇန်နဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးခြင်း ဆောင်ရွက်ပေးသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်း ဦးဆောင်၍ လက်ထောက်ဆရာဝန် ဒေါက်တာထင်ဇော်၊ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်တင်ယုဆွေနှင့် ကျန်းမာရေးဆရာမများက အသက် ငါးနှစ်မှ ၁၂ နှစ်ထိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **အောင်ဆင့်**

## မလှိုင်မြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေး

**မလှိုင် ဇန်နဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အခြေခံပညာကျောင်းများတွင် အသက် ငါးနှစ်မှ ၁၂ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ယနေ့နံနက် ၉ နာရီမှ စတင်၍ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မလှိုင်မြို့နယ်ရှိအခြေခံပညာကျောင်း ၁၉၁ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၇၅၂၅ ဦးအား မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ဆရာ ဆရာမများလိုက်ပါ၍ အခြေခံပညာကျောင်းများတွင် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်းနှင့် သတ်မှတ်ကာလအတွင်း ဆောလျင်စွာ ပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြထွန်း(မလှိုင်)**

# မလေးရှားနိုင်ငံက အင်ဒိုနီးရှားနိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရန် ဆောင်ရွက်လျက်ရှိ

**ကွာလာလမ်ပူ ဇန်နဝါရီ ၉**

မလေးရှားနိုင်ငံသည် နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများအပါအဝင် နိုင်ငံ၏အဓိကကျသည့် ကဏ္ဍများစွာတွင် အိမ်နီးချင်း အင်ဒိုနီးရှားနိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရန် ဆောင်ရွက်လျက်ရှိကြောင်း မလေးရှားအရာရှိတစ်ဦးက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါ နယ်ပယ်များတွင် ဆေးဝါး၊ အာကာသယာဉ်၊ စားအုန်းဆီထုတ်လုပ်မှု၊ လူသုံးကုန်ပစ္စည်းများအပြင် ကာကွယ်ရေးနှင့် လုံခြုံရေးတို့ပါဝင်ကြောင်း အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့် စက်မှုဝန်ကြီး Tengku Zafrul Tengku Abdul Aziz က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ မလေးရှားနှင့် အင်ဒိုနီးရှားကုမ္ပဏီများအကြား နားလည်မှုစာချွန်လွှာ ကိုးခု ချုပ်ဆိုမည်ဖြစ်ပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး ရင်းဂစ် ၁ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၆၃ သန်း) ကျော် ရှိကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ပါရှိသည်။

မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်သည် အင်ဒိုနီးရှားနိုင်ငံသို့ ဇန်နဝါရီ ၈ ရက်မှ ၉ ရက်အထိ နှစ်ရက်ကြာ တရားဝင်ခရီးစဉ်အဖြစ် သွားရောက်ခဲ့သည်။

အဆိုပါခရီးစဉ်သည် အန်ဝါအီဘရာဟင်အနေဖြင့် ရာထူးတာဝန်များကို ပြီးခဲ့သည့်နိုဝင်ဘာလမှ စတင်တာဝန်ယူပြီးနောက် ၎င်း၏ပထမဆုံးပြည်ပခရီးစဉ်ဖြစ်ပြီး ကုန်သွယ်မှုအစီအစဉ်များကိုလည်း မြှင့်တင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အာဆီယံနိုင်ငံများအနက် အင်ဒိုနီးရှားနိုင်ငံသည် မလေးရှား၏ဒုတိယအကြီးဆုံး ကုန်သွယ်မှုမိတ်ဖက်နိုင်ငံဖြစ်ပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု တတိယအကြီးဆုံး အရင်းအမြစ်နိုင်ငံလည်း ဖြစ်သည်။

နှစ်နိုင်ငံအကြား စုစုပေါင်းကုန်သွယ်မှုသည် ၂၀၂၁ ခုနှစ်တွင် အကြမ်းဖျင်းအားဖြင့် အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၄၅ ဒသမ ၅ ရာခိုင်နှုန်း တိုးမြှင့်လာကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံကျော်ရှိပြီး ၂၀၂၁ ခုနှစ် အလားတူကာလထက် ၃၃ ရာခိုင်နှုန်းခန့် ပိုမိုများပြားကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**




# ကမ္ဘောဒီးယားနိုင်ငံ၌ လေးကြိမ်မြောက် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အခမဲ့ထိုးနှံပေး



**ဖနောင်ပင် ဇန်နဝါရီ ၉**

ကမ္ဘောဒီးယားနိုင်ငံ၌ နိုင်ငံသားများအား လေးကြိမ်မြောက် အပိုဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းအား ဇန်နဝါရီ ၉ ရက်တွင် စတင် ဆောင်ရွက်ခဲ့ကြောင်း ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အော်ဗင်ဒိုင်းက ပြောကြားသည်။

ကာကွယ်ဆေး ထိုးနှံခြင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ထိရောက်သည့် နည်းလမ်းအဖြစ် လူသားများ၏အသက်ကို ကယ်တင်နေကြောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေး စုရပ်သို့ သွားရောက်စစ်ဆေးစဉ် သတင်းထောက်များအား ၎င်းက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါခုခံနိုင်စွမ်းတိုးတက်လာနိုင်သဖြင့် နိုင်ငံသားများအနေဖြင့် မိမိအလှည့်ရောက်ရှိသည့်အချိန်တွင် ကာကွယ်ဆေးအပိုဆောင်းထိုးနှံမှုခံယူရန် အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ နိုင်ငံသားအများအပြားမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးစီးခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများမှာလည်း ထိန်းချုပ်နိုင်သည့်အခြေအနေတွင်ရှိသဖြင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလမှ စတင်၍ နိုင်ငံ၏နယ်စပ်ဒေသများကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံအတွင်းရှိစီးပွားရေးလုပ်ငန်းများ ပြန်လည်အသက်ဝင်လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံသား ၁၅ ဒသမ ၂၄ သန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးစီးခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရေးလုပ်ငန်းတွင် တရုတ်နိုင်ငံမှထုတ်လုပ်သည့် Sinovac ကာကွယ်ဆေးနှင့် Sinopharm ကာကွယ်ဆေးများကို အသုံးပြုလျက်ရှိကြောင်း သိရသည်။ တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် အထက်ပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် ဆေးစွမ်းထက်မြက်ပြီး ကမ္ဘောဒီးယားနိုင်ငံသား သန်းပေါင်းများစွာ၏အသက်ကို ကယ်တင်နိုင်ခဲ့ကြောင်းနှင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝ ပုံမှန်အခြေအနေသို့ ရောက်ရှိစေရေး အကူအညီပေးခဲ့ကြောင်း ကမ္ဘောဒီးယားတော်ဝင်အကယ်ဒမီ၏ နိုင်ငံတကာ ဆက်ဆံရေးအင်စတီကျူမှ ညွှန်ကြားရေးမှူးချုပ် ကင်ဖားက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**

# ဂျပန်နိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၃၆ ဦး ထပ်မံသေဆုံး

**တိုကျို ဇန်နဝါရီ ၉**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၃၆ ဦးသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၀၁၅၈ ဦးရှိကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၉၅၃၀၈ ဦးရှိရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၀၅၆၈၈၇၇ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင်ရောဂါပြင်းထန်စွာခံစားနေရပြီး အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားသူ ၆၄၈ ဦး ရှိသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၈၁၉၉ ဦး သည် မြို့တော် တိုကျိုမှဖြစ်ပြီး သေဆုံးသူ ၂၈ ဦး ရှိသည်။

အဆိုပါအရေအတွက်သည် မြို့တော်တိုကျို၌ လွန်ခဲ့သော ရက်သတ္တပတ်က နေ့စဉ်ကူးစက်ခံရသူအရေအတွက်ထက် ၆၆၂ ဦး ပိုမိုများပြားလာကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**




# ပါကစ္စတန်နိုင်ငံ၌ ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရေး ရန်ပုံငွေလှူဒါန်းကြရန် ဂူတာရပ်စ်တိုက်တွန်း

**နယူးယောက် ဇန်နဝါရီ ၉**

ပါကစ္စတန်နိုင်ငံ၌ ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံ ခန့်ကုန်ကျမည်ဖြစ်သဖြင့် နိုင်ငံတကာမှ အလှူရှင်နိုင်ငံများအား ပံ့ပိုးကူညီကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က တိုက်တွန်းပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၏ရာသီဥတုပြောင်းလဲမှုဒဏ်ခံရခြင်းနှင့် ဘဏ္ဍာရေးအကျပ်အတည်းများအတွက် လက်တွေ့ကျသည့်အဖြေများကို ရှာဖွေသွားရေးသည် အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။ ယမန်နှစ်အတွင်း ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် နိုင်ငံသား ၁၇၃၉ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဥရောပသမဂ္ဂက ယူရိုငွေသန်း ၅၀၀ ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း ဥရောပကော်မရှင်အကြီးအကဲ ဗွန်ဒါလီယန်က ပြောကြားသည်။

**ကိုးကား- စီဂျီတီအင်န်**
**ဘာသာပြန်- စိုးသူရ**

# တရုတ်နိုင်ငံမှ ခရီးသွားများကို ဆွဲဆောင်ရေး ဗီယက်နမ်ပြင်ဆင်ဆောင်ရွက်

**ဟန္နိုင်း ဇန်နဝါရီ ၉**

ဗီယက်နမ်နိုင်ငံသည် နိုင်ငံအတွင်းသို့ လာရောက်မည့်တရုတ်နိုင်ငံမှ ခရီးသွားများအား ဆွဲဆောင်နိုင်ရန်အတွက် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်သူများကိုကိုးကား၍ ဗီယက်နမ်သတင်းအေဂျင်စီက ဇန်နဝါရီ ၉ ရက်တွင်ပြောကြားသည်။

တရုတ်ခရီးသွားများအား ဆွဲဆောင်နိုင်ရေးအတွက် ခရီးသွားလုပ်ငန်းကဏ္ဍမှ ဝန်ဆောင်မှုများကို မြှင့်တင်ရန် လိုအပ်ကြောင်း ဗီယက်နမ်ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အကြီးအကဲ ဗူသီဘင်းက ပြောကြားသည်။ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ဗီယက်နမ်နိုင်ငံရှိ ပုံမှန်ပျံသန်းပြေးဆွဲနေသည့်လေကြောင်းလိုင်းများအပြင် စင်းလုံးငှားလေယာဉ်ဝန်ဆောင်မှု လုပ်ငန်းများကိုလည်း တိုးချဲ့ရန်လိုအပ်ပြီး တရုတ်နိုင်ငံနှင့် ဗီယက်နမ်အကြား တိုက်ရိုက်ပြေးဆွဲသည့် လေကြောင်းလိုင်းများ အခြေစိုက်ရာ မြို့များကိုလည်း မြှင့်တင်ရန် လိုအပ်ကြောင်း ဗီယက်နမ်ခရီးသွားလုပ်ငန်းအဖွဲ့ အကြီးအကဲ ကာထရိုင်ဒန်းက ပြောကြားသည်။

တရုတ်ခရီးသည်များအတွက် လုံခြုံပြီး ဧည့်ဝတ်ကျေပွန်ကာ ဆွဲဆောင်မှုရှိသည့် နေရာဒေသဖြစ်လာစေရေးအတွက် ဗီယက်နမ်နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ရေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံရှိ ခရီးသွားလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများအနေဖြင့် တရုတ်နိုင်ငံမှ ခရီးသွားများ ဝင်ရောက်လာစေရေးအတွက် လူမှုမီဒီယာများမှ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ ၂၀၁၉ ခုနှစ်အတွင်းက ဗီယက်နမ်နိုင်ငံသို့ တရုတ်ခရီးသွား ၅ ဒသမ ၈ သန်း လာရောက်ခဲ့ပြီး ၎င်းအရေအတွက်သည် ဗီယက်နမ်နိုင်ငံအတွင်းသို့ ရောက်ရှိလာသည့် နိုင်ငံတကာခရီးသွားများ၏ သုံးပုံတစ်ပုံခန့် ရှိသည်။

၂၀၂၂ ခုနှစ်အတွင်း ဗီယက်နမ်သို့ လာရောက်သည့် နိုင်ငံတကာခရီးသွားအရေအတွက်မှာ ၃ ဒသမ ၅ သန်းသာ ရှိသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့နယ် ထုံးကြီးကျေးရွာနေ တိုးလင်းကျော်သည် ၎င်းအသုံးပြုသည့် “Toe Lin Kyaw” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နေသူများဖြစ်သည့် ဝင့်ဝါဦး(ခ)ဝင့်ဝါနှင့် စုစုဝါဦး(ခ)စုဝါတို့သည် ၎င်းတို့အသုံးပြုသည့် “Wint War Oo” Facebook အကောင့်၊ “Su War” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ကျော်ကျော်(ခ)အိုက်ငေါ်င်းနှင့် ရဲမိုးထက်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မြစ်ကြီးနား၊ နောင်ချိုနှင့် ရန်ကင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၇ နာရီခွဲတွင် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်ရှိ မမြင့်မြင့်ခိုင်(ခ)မခိုင်၏နေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ကိုလည်းကောင်း၊ ထိုနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု မကျီးရေကျေးရွာအနီးရှိ နောင်ချို-ရပ်စောက်သွားကားလမ်းတွင် ရပ်စောက်မြို့မှ နောင်ချိုမြို့ဘက်သို့ ကျော်ကျော်(ခ)အိုက်ငေါ်င်း မောင်းနှင်လာသော ဆိုင်ကယ်နှင့် ရဲမိုးထက် မောင်းနှင်လာသော ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း။

ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကင်းမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ Yankin Center အနီးတွင် အောင်မြင့်မြတ်(ခ) ဖိုက်ကြီး ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၇ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် Digital TV Set Top Box အလုံး ၈၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၀၀၀၀၀)၊ လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၇၈၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျောက်ရပ်ကျေးရွာ မြိတ်-ထားဝယ်ကားလမ်း ပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၁၆၀၀၀)၊ Honda Scoopyi 110 အမျိုးအစားဆိုင်ကယ်(အဟောင်း) သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Zhong Tong Bus အမျိုးအစားမော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၄၁၆၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း တရားမဝင်ကျွန်းသစ်နှင့်သစ်မာ ၅၂ ဒသမ ၇၆၀၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၅၅၉၆၈)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် ဇန်နဝါရီ ၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဟင်းချက်ဒယ်နီအိုးအလုံး ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၇ ရက် ၊ ၈ ရက် နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၇၃၀၁၉၆၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“KNLA အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များ ကြဲချဖောက်ခွဲ”** ခေါင်းစဉ်ဖြင့် ၁၁-၁-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် **“PDF အမည်ခံအကြမ်းဖက်သမားများက ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာအတွင်းသို့ Drop Bomb များ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကလေးငယ် သုံးဦးအပါအဝင် အပြစ်မဲ့ပြည်သူ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်(ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ်-၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျိုက်ထိုနှင့် ပေါင်မြို့နယ်သမဝါယမအသင်းစုလီမိတက်များ၏ အသင်းဆိုင်များက လူသုံးကုန်နှင့် အိမ်သုံးကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချ

**ကျိုက်ထို ဇန်နဝါရီ ၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုလီမိတက်နှင့် ပေါင်မြို့နယ် သမဝါယမအသင်းစုလီမိတက်များ၏ အသင်းဆိုင်များက အသင်းသားပြည်သူများ လူသုံးကုန်နှင့် အိမ်သုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ အသင်းစုများမှ စတိုးဆိုင်၊ ကုန်ပဒေသာဆိုင်၊ ဆန်အရောင်းဆိုင် လုပ်ငန်းများနှင့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ စတီးပစ္စည်းအမျိုးမျိုး ရောင်းချလျက်ရှိသည့်အပြင် သံပန်းသံတံခါးများ တပ်ဆင်ပေးခြင်း၊ အိမ်အလှဆင်ခြင်းစသည့် အိမ်အရောက်ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများကို မြို့နယ်အတွင်း သင့်တင့်သောဈေးနှုန်းများဖြင့် လိုက်လံဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ကျိုက်ထိုမြို့နယ်သမဝါယမအသင်းစုလီမိတက်မှ ဌာနဝန်ထမ်းများအား အရစ်ကျချေးငွေထုတ်ပေးခြင်း၊ ဓာတ်မြေသြဇာရောင်းဝယ်ရေးနှင့် ငွေကြေးနည်းပါးသော အခြေခံသမဝါယမအသင်းများသို့ ချေးငွေထုတ်ပေးခြင်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင့်တင်းခိုင်မာစေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## SIM Card များမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၉**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့မွန်းလွဲပိုင်းတွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းအခမ်းအနားကို ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ပုဗ္ဗသီရိမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသမီး လေးဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

## မြန်အောင်မြို့နယ်၌ လူဦးရေစာရင်းမှန်ကန်ရေး မြေပြင်တစ်အိမ်တက်ဆင်း စာရင်းကောက်ယူရေး စတင်ဆောင်ရွက်



**မြန်အောင် ဇန်နဝါရီ ၉**

ရခိုင် ... ရောဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ လူဦးရေစာရင်းမှန်ကန်ရေး မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းစာရင်းကောက်ယူခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်အတွင်းရှိရပ်ကွက်/ ကျေးရွာများတွင် စတင်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်/ ကျေးစာရေး၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ စေတနာ့ဝန်ထမ်းများ ပါဝင်သည့် စာရင်းကောက်ယူရေး အဖွဲ့ ၁၄၄ ဖွဲ့ဖြင့် မြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာများတွင် သတ်မှတ်စာရင်း ပုံစံများဖြင့် လိုက်လံကောက်ယူလျက် ရှိကြောင်း သိရသည်။

အဆိုပါ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရာသို့မြန်အောင်ခရိုင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရပ်ကွက်/ ကျေးရွာများတွင် မြေပြင် တစ်အိမ်တက်ဆင်း ကွင်းဆင်း စာရင်းကောက်ယူနေမှုကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ချမ်းအေးသာစံမြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

**မန္တလေး ဇန်နဝါရီ ၉**

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ်အတွက် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချမ်းအေးသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဦးက စုံညီပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေး စာမေးပွဲပြိုင်ပွဲ၊ မြို့နယ်အဆင့် ဘောလုံးပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ၊ (၂၃) ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသားကျောင်းသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ချမ်းအေးသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဦးနှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မောင်အေးချမ်း**



## ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဗဟန်းမြို့နယ်မှ သက်ကြီးစာရေးဆရာကြီးများအား ရာပြည့်အကြိုပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

မေတ္တာပြည့်ဝသာသနာပြုအဖွဲ့နှင့် ဗဟန်းမြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ဗဟန်းမြို့နယ်အတွင်းမှ သက်ကြီးစာရေး ဆရာဆရာမသုံးဦးတို့အား ရာပြည့်အကြိုသက်ကြီးပူဇော်ပွဲနှင့် နိုင်ငံတော်နှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)မှ ဘာသာရေးဆိုင်ရာဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသူများအား ထပ်ဆင့်ဂုဏ်ပြုခြင်းအခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀နာရီက ဗဟန်းမြို့နယ် ကြားတောရလမ်း ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ရုံးဝင်းအတွင်းရှိ မေတ္တာပြည့်ဝ သာသနာပြုအဖွဲ့ရုံး ဘုရားခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို) အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ အမျိုးသားစာပေတစ်သက်တာဆုရှင် အလင်္ကာကျော်စွာ ဦးအုန်းမောင်(မြင်းမူ-မောင်နိုင်မိုး)က အဖွင့်အမှာစကားပြောကြားပြီး ပရိယတ္တိသံဃတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်(စီမံ)ဦးစိန်မော်က ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ ဗဟန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်က ထပ်ဆင့်ဂုဏ်ပြုစကားပြောကြား၍ ရာပြည့်အကြိုသက်ကြီးကန်တော့ခံ ဆရာကြီးဆရာမကြီးတို့၏ ကိုယ်ရေးအကျဉ်းအား ဗဟန်းမြို့နယ် စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဒေါ်နီနီတင်(နီနီ-မြန်မာစာ)က ဖတ်ကြားဂါရဝပြုသည်။

ကန်တော့ခံဆရာကြီးများအား ဗဟန်းမြို့နယ်စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာထွန်းထွန်းဦးက ကန်တော့ချီးကို ဦးဆောင်ဖတ်ကြား၍ တက်ရောက်လာကြသူများက လက်အုပ်ချီမိုးကန်တော့ကြသည်။

**ပေးအပ်**

ထို့နောက် ကန်တော့ခံဆရာကြီး ဆရာမကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အေးစန်(ငြိမ်း)(အေးစန်-သာယာဝတီ/သုံးဆယ်)၊ အငြိမ်းစား သံအမတ်ကြီး ဒေါက်တာဦးလှမောင်(ကိုယ်စား)နှင့် ဒေါက်တာရီရီလှ (ယုဝတီ- ခင်ဦး)(ကိုယ်စား)တို့အား ဦးအုန်းမောင်(မြင်းမူ-မောင်နိုင်မိုး) **(အပေါ်ယာပုံ)**၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မေတ္တာပြည့်ဝ သာသနာပြုအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဦးနီ၊ မေတ္တာပြည့်ဝသာသနာပြုအဖွဲ့ ဘဏ္ဍာရေးမှူး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးညွန့်ဌေး(ကြာငါးခိုင်/မဟာညွန့်)တို့က



ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ကချီးမြှင့်သော ဘာသာရေးဆိုင်ရာဘွဲ့တံဆိပ်၊ စွမ်းဆောင်ရည်ဆိုင်ရာ ဘွဲ့တံဆိပ်နှင့် အနုပညာထူးချွန်တံဆိပ်၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)က ချီးမြှင့်သည့် ဘာသာရေးဆိုင်ရာဆုတံဆိပ်ရရှိသူများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပေးအပ်ရာ ဇေယျကျော်ထင်ဘွဲ့တံဆိပ်ရ ဗိုလ်ချုပ်အေးစန်(ငြိမ်း)(အေးစန်-သာယာဝတီ/သုံးဆယ်)၊ သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်ရဦးမျိုးဆက်(မေတ္တာပြည့်ဝ-တွဲဖက်အတွင်းရေးမှူး)၊ အနုပညာထူးချွန်ဒုတိယဆုရ ဦးအေးကြူလေး (ဒုတိယဥက္ကဋ္ဌ၊ ရုပ်ရှင်အစည်းအရုံး(ဗဟို))၊ အနုပညာထူးချွန်တတိယဆုရ ဦးကိုကိုလေး((ရန်ကင်း-ကိုကိုလေး)(ဗဟန်းမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ)၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)က ချီးမြှင့်သည့် အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိကဓဇဘွဲ့ရ ဦးစိုးဝင်း(တက္ကသိုလ်-စိုးယဉ်)တို့အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်၊ ဦးညွန့်ဌေး(ကြာငါးခိုင်/မဟာညွန့်)တို့က မုဒိတာစကားများ ပြောကြားကြပြီး ကန်တော့ခံ ဗိုလ်ချုပ်အေးစန်(ငြိမ်း)(အေးစန်-သာယာဝတီ/သုံးဆယ်)က ဆုပေးစကားနှင့် မေတ္တာပြည့်ဝသာသနာပြုအဖွဲ့ဝင် ဗဟန်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကိုကိုလေး(ရန်ကင်း)က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ထန်းတပင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း ကောက်ယူ

ထန်းတပင်(ရန်ကုန်) ဇန်နဝါရီ ၉

မြေပြင်အခြေခံလူဦးရေစာရင်း မှန်ကန်စွာရရှိစေရေးနှင့် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကောက်ကွက်များအလိုက် အိမ်ထောင်စုလူဦးရေစာရင်းများကို တာဝန်ရှိသူများက တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်းကောက်ယူလျက်ရှိသည်။

ကွင်းဆင်းကောက်ယူရာသို့ ရပ်ကွက်/ကျေးရွာအုပ်စုမြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ လိုက်ပါဆောင်ရွက်လျက်ရှိပြီး မြေပြင်တစ်အိမ်တက်ဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်နိုင်ဦး၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ထန်းတပင်မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စုတို့တွင် မြေပြင် စာရင်းကောက်ကွက်ပေါင်း ၁၂၇ ခု ရှိပြီး အိမ်ထောင်စုလူဦးရေစာရင်းများ မြေပြင်ကွင်းဆင်းကောက်ယူခြင်းကို ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်းမင်းထိုက်(ထန်းတပင်)**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၅ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၅၀ | ၂၀၂၅ | ၂၁၂၀ | ၂၁၃၅ | ၂၀၃၅ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၃၀၀ | ၂၇၆၀ |
| 95 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၁၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၂၅၅ | ၂၃၀၀ | ၂၃၀၀ | ၂၂၆၀ | ၂၃၀၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၅ | ၂၄၀၀ | ၂၃၉၅ | ၂၂၉၀ | ၂၃၀၅ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၅၅ | ၃၃၆၀ |
| HSD (50 ppm) | ၂၃၃၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၄၀ | ၂၃၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၅ | ၂၄၈၀ | ၂၄၇၅ | ၂၃၇၀ | ၂၃၈၅ | ၂၄၁၅ | ၂၄၁၅ | ၂၄၂၀ | ၂၆၃၅ | ၃၃၉၀ |
| HSD (10 ppm) | ၂၃၃၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၄၀ | ၂၃၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၅ | ၂၄၈၀ | ၂၄၇၅ | ၂၃၇၀ | ၂၃၈၅ | ၂၄၁၅ | ၂၄၁၅ | ၂၄၂၀ | ၂၆၃၅ | ၃၃၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၇ | ၁၉၆၈ |
| 95 Ron | ၁၉၅၈ | ၂၀၃၀ |
| HSD (500 ppm) | ၂၁၅၂ | ၂၂၂၅ |
| HSD (50 ppm) | ၂၂၂၆ | ၂၃၀၀ |
| HSD (10 ppm) | ၂၂၂၆ | ၂၃၀၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မြိတ်မြို့နယ်၌ မြေပြင်လူဦးရေစာရင်းကွင်းဆင်းကောက်ယူနေမှု ကြည့်ရှုအားပေး

မြိတ် ဇန်နဝါရီ ၉

တနင်္သာရီ တိုင်းဒေသကြီး လူဦးရေမြေပြင်ကွင်းဆင်းစာရင်း ကောက်ယူရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြိတ်မြို့တွင် အိမ်ထောင်စုလူဦးရေစာရင်းများ အားမြေပြင်ကွင်းဆင်းကောက်ယူရေးအဖွဲ့များကစာရင်းကောက်ယူဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

မြိတ်မြို့နယ်အနေဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၂၆၀၀၀ ကျော်ရှိပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၃၄ ခုတွင် စာရင်းကောက်အဖွဲ့ ၁၈၉ ဖွဲ့က ပုံစံ (၆၆) နှင့် မြေပြင်ရှိလူဦးရေစာရင်းများကို ရပ်ကွက်/ကျေးရွာ များတွင် တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း ကောက်ယူလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်ဖျားရပ်ကွက်တွင် စာရင်းကောက်အဖွဲ့က စာရင်းကောက်ယူဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြိတ်မြို့နယ်ရှိ မြေပြင်စာရင်းကောက် ၉၄၅ ဦး အတွက် နေ့တွက်စရိတ် ၆၂၄ သိန်း ထောက်ပံ့ပေးအပ်ရာ မြို့နယ်လူဦးရေစာရင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး ဦးဝင်းဆွေက လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက စာရင်းကောက်များအား နေ့တွက်စရိတ်ထောက်ပံ့ငွေများကို တစ်ဦးချင်း ပေးအပ်ခဲ့ကြသည်။

အလားတူ တိုင်းဒေသကြီး လူဦးရေမြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီတွဲဖက်အတွင်းရေးမှူး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေးနှင့် တာဝန်ရှိသူများသည် ကျွန်းစုမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းများကို မြေပြင်ကွင်းဆင်း ကောက်ယူရေး အဖွဲ့များက စာရင်းကောက်ယူ နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကျွန်းစုမြို့နယ် စာရင်းကောက်များအတွက် ထောက်ပံ့သည့် နေ့တွက်စရိတ်များကို တာဝန်ရှိသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

မြိတ် (ပြန်/ဆက်)





## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ပညာရေးစုံညီပွဲတော်အခမ်းအနား တက်ရောက်ပြီး မြေပြင်လူဦးရေစာရင်း ကွင်းဆင်းကောက်ယူနေမှု ကြည့်ရှုအားပေး

မုံရွာ ဇန်နဝါရီ ၉

စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မုံရွာမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ကျောင်းနေနှုန်း တိုးတက်မြင့်မားလာစေရေးအတွက် နှစ်စဉ် ကျောင်းအပ်နှံရေးနေ့သတ်မှတ်ပြီး ကျောင်းနေအရွယ်ကလေးများ အခြေခံပညာရေးကို လက်လှမ်းမီသင်ယူနိုင်ခွင့်ရရှိစေရေးအတွက် မသင်မနေရ အခမဲ့ ပညာရေးစနစ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ခေတ်မီသင်ကြားရေး အထောက်အကူပြုပစ္စည်းများကို အသုံးချခြင်းဖြင့် ထူးချွန်ထက်မြက်သည့် ဘက်စုံပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့အတွင်းရှိ ရပ်ကွက်များ၌ မြေပြင်ကွင်းဆင်း လူဦးရေစာရင်းကောက်ယူရေးအဖွဲ့များ၏ မုံရွာမြို့ မြို့သစ်ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း စာရင်းများကောက်ယူနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်သည်များကိုတာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

## အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူနေမှု ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန် တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ် (၃)ရပ်ကွက်အတွင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပါဝင်သော အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့ (Working Group) များ၏ လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပန်းဘဲတန်းမြို့နယ် အမှတ် (၁) ရပ်ကွက်၊ ၂၅ လမ်းအတွင်း တစ်အိမ်တက်ဆင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက သွားရောက်ကြည့်ရှုအားပေးကြသည်။

### ပြောကြား

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အား လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်ထားသော အချက်အလက်များ ပြည့်စုံမှန်ကန်စေရေး စာရင်းကောက်အဖွဲ့များက စနစ်တကျ သေချာစိစစ်ဆောင်ရွက်ကြရန်နှင့် ပြည်သူများကလည်း လုပ်ငန်းဆောင်ရွက်မှု အပေါ် စိတ်ရှည်စွာဖြင့် ပူးပေါင်းပါဝင်ပေးရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

အိမ်ထောင်စု လူဦးရေစာရင်း ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများတွင် စာရင်းကောက်ယူရေးအဖွဲ့များ လာရောက်မည့်နေ့ရက်များကို ပြည်သူများသိရှိစေရန် ဗီနိုင်းများဖြင့် ကြိုတင်အသိပေးခြင်း၊ အသံချဲ့စက်များဖြင့် ကြိုတင်အသိပေးကြေညာပြီး ကောက်ကွက်တစ်ဖွဲ့လျှင် ငါးဦးနှုန်းဖြင့် စာရင်းကောက်ကွက်လေးကွက် ဖွဲ့၍ ကောက်ကွက် တစ်ကွက်လျှင် အိမ်ထောင်စု ၅၀၀ နှုန်းဖြင့် ကောက်ယူသွားမည် ဖြစ်ပြီး ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



## မိုးညှင်းမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်

မိုးညှင်း ဇန်နဝါရီ ၉

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ် ကချင်ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေများဖြင့် ဟဲလုံ-ပျော်ဘွယ်-တဲကြီးကုန်း-ပင့်သာ-ပင်းဟဲလမ်း ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်အိသဉ္ဇာကျော်၊ မိုးညှင်းမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးရဲမြင့်ထွန်းနှင့် တာဝန်ရှိသူများက မိုးညှင်းမြို့နယ် ဟဲလုံ-ပျော်ဘွယ်-တဲကြီးကုန်း-ပင့်သာ-ပင်းဟဲ ကျေးရွာချင်းဆက်လမ်း အရှည် ပေ ၁၀၅၆၀၊ အကျယ်၁၆ ပေ၊ ဒု ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၇၅၉ ဒသမ ၇၄ သန်းဖြင့် ဇွန် ၆ ရက်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရပ်စောက်၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများလျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ရပ်စောက် ဇန်နဝါရီ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ လျှော့ချနိုင်ရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများမရှိစေရေး ဆောင်ရွက်လျက်ရှိရာ



ယနေ့နံနက် ၉ နာရီမှစတင်ကာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဆောင်၍ ဝန်ထမ်းများနှင့်အတူ ဓာတ်အားလိုင်းနှင့် မလွတ်သောသစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မီတာစစ်ဆေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစည်သူစိုးနှင့် ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ လျှော့ချနိုင်ရေးအတွက် ၁၁ ကေဗွီပင်ဖြစ်ဖီဒါအတွင်းရှိ ပင်ဖြစ်ကျေးရွာ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ကိုင်းသစ်ခက်များကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှု မရှိစေရေးအတွက် ရပ်ကွက်နှင့်ကျေးရွာများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော မီတာများ၊ ရပ်/ပျက်/နှေး ဖြစ်ပေါ်မှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်မှုများကို လစဉ်သတ်မှတ်ရက်များအလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူ၏ပြောကြားချက်အရ သိရသည်။

မြို့နယ်(ပြန်/ဆက်)

# စကားပြောနေသော အညွှန်းကိန်းများ

**အေးမွန် (လေဘာ)**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ယင်းနိုင်ငံ၏ လူ့စွမ်းအား(Human Resources) ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအားကြည့်ရှုပြီး သိရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး တိုးတက်မှုအခြေအနေကို ယင်းနိုင်ငံ၏ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ (Human Resources Development Indicators–HRDI) အား လေ့လာပြီး တိုးတက်မှု၊ ကျဆင်းမှုများကို သုံးသပ်အကဲဖြတ် သိရှိနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်စေရေး အဓိကဆောင်ရွက်ရန်လိုသဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် ဘက်ပေါင်းစုံမှ ရင်းနှီးမြှုပ်နှံမှုများကို ကာကွယ်ပေးရန်လိုအပ်သကဲ့သို့ အားပေးကူညီရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

### လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုကို သိရှိနိုင်သော အညွှန်းကိန်း ၆၂ ခု

ယခုနှစ် ထုတ်ဝေသည့် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ် (Human Resources Development Indicators–HRDI) တွင် လူဦးရေနှင့်ဆိုင်သောအညွှန်းကိန်းများ၊ ဖွားသေစာရင်းအင်းနှင့်ဆိုင်သောအညွှန်းကိန်းများ၊ ကျန်းမာရေး၊ အာဟာရနှင့်ဆိုင်သော အညွှန်းကိန်းများ၊ ပညာရေးနှင့် လေ့ကျင့်မှုနှင့်ဆိုင်သော အညွှန်းကိန်းများ၊ လုပ်သားအင်အားနှင့်ဆိုင်သောအညွှန်းကိန်းများ၊ စီးပွားရေးနှင့်ဆိုင်သောအညွှန်းကိန်းများ၊ စားသောက်ကုန်ရရှိနိုင်မှုနှင့် မြေယာအသုံးချမှုနှင့်ဆိုင်သော အညွှန်းကိန်းများနှင့် အခြားအညွှန်းကိန်းများစသည်ဖြင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုကို သိရှိနိုင်သော အညွှန်းကိန်း ၆၂ ခုအား ၂၀၁၅–၂၀၁၆ ခုနှစ်မှ ၂၀၂၀–၂၀၂၁ ခုနှစ်ကာလအထိ ခြောက်နှစ်စာ စုစည်းဖော်ပြထားပါသည်။ အညွှန်းကိန်းများကို ဖော်ပြရာတွင် အညွှန်းကိန်းများ သီးသန့်ကိုသာ ဖော်ပြထားခြင်းမဟုတ်ဘဲ အညွှန်းကိန်းများရရှိသည့် အရင်းအမြစ်၊ အညွှန်းကိန်း၏အဓိပ္ပာယ်၊ အညွှန်းကိန်းတွက်ချက်ပုံနည်းလမ်း စသည်ဖြင့်အသုံးပြုသူများအနေဖြင့် ရှင်းလင်းကွဲပြားစွာအသုံးပြုရန် ဖော်ပြထားကြောင်းကို တွေ့ရှိရမည်ဖြစ်ပါသည်။ ဤလူ့စွမ်းအား ဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်တွင်ပါရှိသော အညွှန်းကိန်းများသည် ဝန်ကြီးဌာန ၂၁ ခု၏ ဦးစီးဌာန ၄၅ ခု၊ အဖွဲ့အစည်း၊ ကော်မတီ သုံးခုတို့နှင့် သက်ဆိုင်သည့် အညွှန်းကိန်းများ ပါဝင်ပါသည်။

လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းစာရင်းများကို ပြုစုရာတွင် လွယ်ကူလျင်မြန်စွာ တစ်မုဟုတ်ချင်း စုဆောင်းရရှိခြင်းမဟုတ်ဘဲ အညွှန်းကိန်းစာရင်းများကို ရရှိစေရန်အတွက် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) အထောက်အပံ့ဖြင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများရေးဆွဲ၍ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ ဖော်ထုတ်အသုံးပြုရေးစီမံကိန်း (Use of HRDI for the Population and Development Planning Processes) တစ်ခုကို ၁၉၉၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ နှစ်နှစ်စီမံကိန်းဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါစီမံကိန်း၏ ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြန်မာနိုင်ငံ၌ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အရေးပါသည့် အားထားအသုံးပြုနိုင်သော လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းစနစ်တစ်ရပ် ပီပီပြင်ပြင်ပေါ်ပေါက်လာနိုင်ရန်နှင့် ယင်းစနစ်ကို အရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားနိုင်ရန်၊

(ခ) မူဝါဒရေးရာချမှတ်သူများနှင့် စီမံကိန်းရေးဆွဲသူများသည် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး တိုးတက်ဖြစ်ပေါ်မှုများကို အမြဲမပြတ်စောင့်ကြည့်၍ လိုအပ်သည့် စီမံကိန်းများရေးဆွဲရာတွင် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ၏ အရေးပါမှုကို ပိုမိုအလေးထားမှု တိုးမြှင့်လာစေရန်။

စီမံကိန်း၏ ရည်မှန်းချက်များနှင့်အညီ လူမှုစီးပွားရေးနှင့်သက်ဆိုင်သည့် လူ့စွမ်းအား ဖွံ့ဖြိုးမှုလက်စွဲစာစောင်(Manual of HRDI) နှင့် လူ့စွမ်းအား




၂၀၂၁ ခုနှစ် ဩဂုတ်လက ထုတ်ဝေသည့် လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းများ လက်စွဲစာအုပ်။

> **“အညွှန်းကိန်းစာအုပ်ပြုစုရာတွင် ဌာနပေါင်းစုံမှ အညွှန်းကိန်းများပါရှိသဖြင့် အညွှန်းကိန်းများ မှန်ကန်မှုရှိ၊ မရှိကို စစ်ဆေးရာတွင် အခက်အခဲများရှိသကဲ့သို့ ပညာရေးဘွဲ့များ၊ ကျွမ်းကျင်မှုအဆင့်အလိုက် သက်မွေးပညာလေ့ကျင့်ပေးခဲ့သူများ၊ ဌာနပေါင်းစုံမှပေးပို့သော ဘွဲ့၊ ဒီဂရီများ၊ အခြားပညာရေးသင်တန်းများမှ ဘွဲ့များကိုပြုစုရာတွင် အလွန်လက်ဝင်လှပြီး အခက်အခဲအများအပြားနှင့် တွေ့ကြုံရသည်။ ထို့ပြင် သက်ဆိုင်ရာဌာနများ၊ အညွှန်းကိန်းများပေးပို့သူများထံ အကြိမ်ကြိမ်အခါခါ ဆက်သွယ်ပြီး ရှင်းလင်းလွယ်ကူသော အညွှန်းကိန်းတစ်ခုရရှိရန် ဆောင်ရွက်ရ”**

ဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်(Handbook on Human Resources Development Indicators) တို့ကို ၁၉၉၇ ခုနှစ်တွင် ပြုစုနိုင်ခဲ့ပါသည်။ စီမံကိန်းအပြီး စီမံကိန်း၏ ရလဒ်အဖြစ် ၆–၈–၁၉၉၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးသို့ စီမံကိန်း၏ ရလဒ်နှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းများ လက်စွဲစာစောင်တို့ကို တင်ပြခဲ့ရာ ဝန်ကြီးဌာနများအနေဖြင့် လက်ခံအသုံးပြုဆောင်ရွက်နိုင်ရန်နှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရန်အတွက် အလုပ်သမားဝန်ကြီးဌာနက ဆောင်ရွက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့က လမ်းညွှန်မှုပြုခဲ့ပါသည်။ ထိုလမ်းညွှန်ချက်နှင့်အညီ စဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်ရန်အတွက် မိမိတို့ဝန်ကြီးဌာနသည် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ ပြုစုထုတ်ဝေနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနအကြီးအကဲများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော ဦးဆောင်ကော်မတီ (Steering Committee) ဖွဲ့စည်းပေးခဲ့ပြီး ယခုအခါ အညွှန်းကိန်းများနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၏ ကိုယ်စားလှယ်များ၊ အဖွဲ့အစည်းများမှကိုယ်စားလှယ်များပါဝင်သော လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ ပုံမှန်ပြုစုထုတ်ပြန်နိုင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ (Core Working Group) အဖြစ် အလုပ်သမားဝန်ကြီးဌာနက ဖွဲ့စည်းပေးခဲ့ပါသည်။ အညွှန်းကိန်းများ စနစ်တကျရရှိစေရေးနှင့် စဉ်ဆက်မပြတ် လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ် ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ၁၉၉၇ ခုနှစ်မှစ၍ နှစ်စဉ်ထုတ်ဝေခဲ့သည့်အတွက် ယခုထုတ်ဝေမည့်စာအုပ်သည် ၂၂ ကြိမ်မြောက်အဖြစ် ရောက်ရှိမည်ဖြစ်ပါသည်။ ထူးခြားမှုအနေဖြင့် ၂၀၀၆ ခုနှစ်တွင် ၁၉၉၀–၁၉၉၁ ခုနှစ်မှ ၂၀၀၄–၂၀၀၅ ခုနှစ်အထိ ၁၅ နှစ်တာကာလ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အညွှန်းကိန်းများကို တပေါင်းတစည်းတည်း စုစည်းဖော်ပြထားသည့် အထူးထုတ် လူ့စွမ်းအား ဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်ကို ထုတ်ဝေနိုင်ခဲ့ပါသည်။

### လူဦးရေနှင့်ဆိုင်သော အညွှန်းကိန်းများ

အထက်တွင်ဖော်ပြသကဲ့သို့ အညွှန်းကိန်းစာအုပ်တွင်ပါရှိသည့် လူဦးရေနှင့်ဆိုင်သော အညွှန်းကိန်းများ၌ မြန်မာနိုင်ငံရှိ လူဦးရေကို ကျား၊ မ တိုးနှုန်းဖြင့် လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ အရေအတွက်ကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျား၊ မ အလိုက် လူဦးရေအကျယ်အဝန်း ဧရိယာသိပ်သည်းမှုနှင့် အိမ်ထောင်စုအရွယ်အစားကိုလည်းကောင်း၊ အသက်အရွယ်အလိုက် လူဦးရေပျံ့နှံ့နေထိုင်မှုအားရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကျား၊ မ အချိုးကိုလည်းကောင်း၊ သက်ကြီးအသက်အုပ်စုအလိုက် ကျား၊ မ အုပ်စုကို လည်းကောင်း၊ သက်ကြီးအရွယ်နှင့် ကလေးမှီခိုသူ အချိုးတို့ကို လည်းကောင်း၊ ဖွားသေစာရင်းအင်းကိုလည်းကောင်း ဤစာအုပ်တွင် ဖော်ပြပါရှိသည်။

ကျန်းမာရေးနှင့် အာဟာရနှင့်ဆိုင်သော အညွှန်းကိန်းများ၌ ငါးနှစ်အောက်ကလေးများတွင် အတော်အတန်နှင့် အပြင်းအထန်အာဟာရချို့တဲ့သည့် ကလေးရာခိုင်နှုန်း၊ သားဆက်ခြားနည်း သုံးစွဲသော ဇနီးမောင်နှံစုံတွဲအရေအတွက်၊ ငါးမျိုးစပ်ကာကွယ်ဆေး (တစ်နှစ်အောက်) တို့အား ပြည်ထောင်စုအဆင့်အနေဖြင့်လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနတစ်ခုမှ ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်သော ပျမ်းမျှကျေးရွာအရေအတွက်၊ သန့်ရှင်းသော သောက်သုံးရေ ရယူသုံးစွဲနိုင်သည့် လူဦးရေလွှမ်းခြုံမှုရာခိုင်နှုန်း၊ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲနိုင်သည့် လူဦးရေလွှမ်းခြုံမှုရာခိုင်နှုန်းတို့ ဖော်ပြပါရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ထမ်းနှင့် အသုံးအဆောင်ရရှိနိုင်မှုနှင့်ပတ်သက်၍ ဆရာဝန်၊ သူနာပြု၊ ခုတင်အရေအတွက်နှင့် လူဦးရေအချိုးတို့ကို လည်းကောင်း၊ အစိုးရ၊ ပုဂ္ဂလိကအထူးကုဆေးခန်း၊ ဆေးရုံများ အရေအတွက်ကို လည်းကောင်း၊ တိုင်းရင်းဆေးဆိုင်ရာ အညွှန်းကိန်းများနှင့်ပတ်သက်၍ ပြည်သူ့ပိုင်၊ ပုဂ္ဂလိကပိုင်၊ တိုင်းရင်းဆေးရုံ၊ ဆေးကုခန်းများ၊ တိုင်းရင်းဆေးဆရာမှတ်ပုံတင်ရရှိပြီးသူများ၊ တိုင်းရင်းဆေးဆရာနှင့် လူဦးရေအချိုး၊ မှတ်ပုံတင်ထားသည့် တိုင်းရင်းဆေးဝါးများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် အရေအတွက်များ ဖော်ပြပါရှိသည်။

### ကျွမ်းကျင်မှုအဆင့်အလိုက် သက်မွေးပညာ

ပညာရေးနှင့် လေ့ကျင့်မှုနှင့်ပတ်သက်၍ အခြေခံပညာ အညွှန်းကိန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်အလိုက် ကျောင်းနေနှုန်းကြမ်း၊ အသားတင်ကျောင်းနေနှုန်း၊ ကူးပြောင်းနှုန်း၊ ထိန်းထားနှုန်း၊ ပြီးမြောက်နှုန်းနှင့် ကျောင်းဝင်နှုန်းကြမ်း၊ မူလတန်းစွမ်းဆောင်ရည်ပြနှုန်း၊ ဆရာ၊ ကျောင်းသားအချိုးတို့ ဖော်ပြပါရှိပါသည်။ ဘာသာရပ်အလိုက် ဘွဲ့ရဦးရေနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာပညာရေး၊ ဗုဒ္ဓဘာသာသာသနာ၊ ဂုဏ်ထူးဆောင်ဓမ္မပါရဂူဘွဲ့၊ အင်ဂျင်နီယာနှင့် ဗိသုကာ၊ အင်ဂျင်နီယာသိပ္ပံ၊ မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်း ဒီပလိုမာ၊ ကွန်ပျူတာ သိပ္ပံနှင့်နည်းပညာ၊ ကွန်ပျူတာသတင်းအချက်အလက်သိပ္ပံ၊ ကွန်ပျူတာအသုံးချသိပ္ပံ၊ ကွန်ပျူတာ နည်းပညာ၊ အသုံးချသိပ္ပံ၊ စီးပွားရေး၊ စာရင်းအင်းပညာ၊ ဝါဏိဇ္ဇ၊ သမဝါယမ၊ သစ်တောပညာ၊ တိရစ္ဆာန်ဆေးပညာ၊ ဝိဇ္ဇာနှင့် သိပ္ပံ၊ နိုင်ငံခြားဘာသာ၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ သွားဘက်ဆိုင်ရာဆေးပညာ၊ ဆေးဘက်ဆိုင်ရာနည်းပညာ၊ သူနာပြုပညာ၊ အခြေခံကျန်းမာရေးပညာ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးမှု၊ မြန်မာ့တိုင်းရင်းဆေး၊ ထိုင်းနိုင်ငံကုန်သည်ကြီးများအသင်းတက္ကသိုလ်မှ ဖွင့်လှစ်သော စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့များ ဖော်ပြထားပါသည်။ ကျွမ်းကျင်မှုအဆင့်အလိုက် သက်မွေးပညာ လေ့ကျင့်ပေးခဲ့မှုများတွင် ကျွမ်းကျင်မှုအဆင့်အလိုက် သက်မွေးပညာလေ့ကျင့်ပေးခဲ့သူများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၊

**စာမျက်နှာ ၁၉ သို့** ✳

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

**ကျောက်ဖြူ ဇန်နဝါရီ ၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာနက ပြည်နယ်/ တိုင်းဒေသကြီး အသီးသီးရှိ သံဃာတော်များ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် စာသင်တိုက်များသို့လည်းကောင်း၊ ပရဟိတကျောင်းများသို့လည်းကောင်း စားနပ်ရိက္ခာများ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျောက်ဖြူခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစံနှင့် တာဝန်ရှိသူများက ကျောက်ဖြူမြို့ အုတ်ကျောင်းနှင့် ဘုရားကြီးကျောင်းတိုက်ရှိ သံဃာတော်များ၊ သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။



**ငွေကြယ်**

## ညောင်တုန်းမြို့နယ်၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး ဆောင်ရွက်

**ညောင်တုန်း ဇန်နဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းသက်သာစေရေး ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

**ကွင်းဆင်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများက မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းသက်သာစေရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ရှင်းလင်းခြင်း၊ ဓာတ်အားလိုင်း Connection များ ပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ပြည်သူများ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်ဆက်)**

## ဆရာကြီး ဦးချမ်းမြ (အငြိမ်းစားမြန်မာစာပါမောက္ခ) ရေးသားသည့် "အချုပ်တန်းဆရာဖေ" စာအုပ် ထုတ်ဝေဖြန့်ချီ

စာပေဗိမာန်သည် မြို့ပြကျေးလက်နေ ပြည်သူလူထုအတွက် ရည်ရွယ်၍ ပြည်သူ့လက်စွဲ စာစဉ် စာအုပ်ငယ်များကို ၁၉၅၈ ခုနှစ်မှစတင်၍ ထုတ်ဝေခဲ့သည်။ ထုတ်ဝေခါစတွင် ၂၅ ပြားတန်၊ ပြား ၅၀ တန်နှင့် တစ်ကျပ်တန်တို့ကို ထုတ်ဝေခဲ့သည်။ ထိုမှ ခေတ်နှင့်လျော်ညီသည့်နှုန်းဖြင့် စာအုပ်စာစောင်များကို ပြည်သူလူထုဗဟုသုတ တိုးပွားစေခြင်းငှာ ဆက်လက်ထုတ်ဝေခဲ့သည်။

ယခုအခါ ယခင် ပြည်သူ့လက်စွဲစာစဉ်များ အတွင်းမှ စာကောင်းပေမွန်များ၊ အဖိုးထိုက်၍ ရှားပါးသော စာအုပ်များကို ပြန်လည်ထုတ်ဝေရန် စီစဉ်လျက်ရှိရာ ဆရာဦးချမ်းမြ (အငြိမ်းစား မြန်မာစာပါမောက္ခ) ရေးသားသည့် "အချုပ်တန်းဆရာဖေ" စာအုပ်ကို ဦးစွာ ပြန်လည်ထုတ်ဝေလိုက်သည်။

"အချုပ်တန်းဆရာဖေ" စာအုပ်ကို စာပေဗိမာန်က ၁၉၇၇ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၁၈ ခုနှစ်တွင် စိတ်ကူးချိုချိုစာပေက ဒုတိယအကြိမ် ထုတ်ဝေခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် စာပေဗိမာန်က တတိယအကြိမ် ပြန်လည်ထုတ်ဝေခြင်း ဖြစ်သည်။

အချုပ်တန်းဆရာဖေသည် ရတနာပုံခေတ်တွင် နယ်ချဲ့အင်္ဂလိပ်တို့ကို ကလောင်လက်နက်ဖြင့် တော်လှန်ခဲ့သော မျိုးချစ်စာဆိုတော်တစ်ဦး ဖြစ်သည်။ ဤစာအုပ်တွင် အချုပ်တန်းဆရာဖေ၏ အတ္ထုပ္ပတ္တိအကျဉ်း၊ တော်လှန်ရေးစာများ ရေးဖွဲ့ပုံနှင့်အတူ သူဖြတ်သန်းခဲ့ရာ ရတနာပုံခေတ်၏ နန်းတွင်းလောက၊ နိုင်ငံရေးအခြေအနေနှင့် မြန်မာ့သမိုင်းဖြစ်ရပ်အချို့ကို တစေ့တစောင်း လေ့လာခွင့်ရမည့် တန်ဖိုးရှိလှသည့် စာအုပ်ဖြစ်သည်။




စာအုပ်တွင် စာမျက်နှာ ၁၀၁ မျက်နှာ ပါဝင်ပြီး တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ (၈၆) လမ်း၊ (၂၁) လမ်းနှင့် (၂၂) လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျန်းမာဖို့အရေး လမ်းလျှောက်ပေး

✳ **စာမျက်နှာ ၁၈ မှ**

အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း၊ အနုပညာ အထက်တန်းကျောင်း (ရန်ကုန်နှင့် မန္တလေး)၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်)၊ ကျွမ်းကျင်အလုပ်သမားများနှင့် အလုပ်ရှာဖွေသူများအတွက် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏သင်တန်းများမှ သင်တန်းသားအရေအတွက်များကို ဖော်ပြထားပါသည်။ ပညာရေး အဆင့်အလိုက် ကျောင်းသူပါဝင်မှုရာခိုင်နှုန်းနှင့်ပတ်သက်၍ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်များ၊ စက်မှုလက်မှုသိပ္ပံ၊ စိုက်ပျိုးရေးသိပ္ပံ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသူပါဝင်မှု နှုန်းစာရင်းတို့ကို ဖော်ပြထားသည်။ လုပ်သားအင်အားနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ လုပ်သားအင်အားတွင် အလုပ်လက်ရှိ၊ အလုပ်လက်မဲ့၊ လုပ်သားအင်အားပါဝင်မှုနှုန်း၊ အလုပ်လက်မဲ့နှုန်းတို့ကိုလည်းကောင်း၊ လုပ်ငန်းအမျိုးအစားအလိုက် အလုပ်လက်ရှိဦးရေ၊ အလုပ်အကိုင်အမျိုးအစားအလိုက် အလုပ်လက်ရှိနှုန်းများကို အသီးသီးဖော်ပြပါရှိပါသည်။

**စီးပွားရေးစွမ်းဆောင်မှုအညွှန်းကိန်းများ**

စီးပွားရေးစွမ်းဆောင်မှုအညွှန်းကိန်းများနှင့် ပတ်သက်၍ ဂျီဒီပီ၊ ဂျီဒီပီပုံမှန်ဈေးနှုန်း၊ ဂျီဒီပီ တိုးတက်မှုနှုန်း၊ တစ်ဦးကျ ဂျီဒီပီပုံမှန်ဈေးနှုန်း၊ နှစ်အလိုက်တစ်ဦးကျ ဂျီဒီပီ၊ ရင်းနှီးမြှုပ်နှံမှု၊ ပြည်ပပို့ကုန်၊ သွင်းကုန်၊ စားသုံးသူဈေးဆနှုန်းကိန်းတို့ကိုလည်းကောင်း၊ ကဏ္ဍအလိုက် နိုင်ငံတော်၏အသုံးစရိတ်များကိုလည်းကောင်း အသီးသီးဖော်ပြထားသည်။

စားသောက်ကုန်ရရှိနိုင်မှုနှင့် မြေယာအသုံးချမှုနှင့်ပတ်သက်၍ လူတစ်ဦးအတွက် စားသောက်ကုန်ရရှိနိုင်မှုကိုလည်းကောင်း၊ မြေယာအသုံးချမှုနှင့် ပတ်သက်၍လည်းကောင်း ဖော်ပြပါရှိသည်။

အခြားအညွှန်းကိန်းများနှင့် ပတ်သက်၍ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် သတင်းနှင့် ပြန်ကြားရေးဆိုင်ရာအညွှန်းကိန်းများနှင့် ပတ်သက်၍ မော်တော်ကားစီးရေ၊ နှစ်ဘီးတပ်ယာဉ်စီးရေ၊ လမ်းနှင့် တံတားအရေအတွက်တို့ကိုလည်းကောင်း၊ ဆက်သွယ်ရေး၊ စာပို့ဝန်ဆောင်မှု၊ နေ့စဉ်ထုတ်သတင်းစာ ဖြန့်ချိမှုများကိုလည်းကောင်း၊ လူထုမီဒီယာနှင့်ပတ်သက်၍ လူထု၊ ပုဂ္ဂလိက စာကြည့်တိုက်၊ သင်တန်းကျောင်း၊ ထပ်ဆင့်လွှင့်စက်ရုံများ (TV, FM နှင့် DVD-T2) အရေအတွက်များကိုလည်းကောင်း၊ လူမှုဝန်ထမ်းစောင့်ရှောက်ရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ၊ လူမှုဝန်ဆောင်မှု ဆောင်ရွက်ပေးသော ကျေးရွာများကိုလည်းကောင်း၊ မှုခင်းဖြစ်ပွားမှုနှုန်းများကို လည်းကောင်း၊ ဆေးရုံတက်ရောက်ကုသရခြင်း၏ အဓိကအကြောင်းရင်းများ၊ ဆေးရုံတွင်သေဆုံးသူများနှင့် သေဆုံးရခြင်း အကြောင်းရင်းများကိုလည်းကောင်း ဖော်ပြပါရှိသည်။

**၁၉၉၇ ခုနှစ်တွင် ပထမဆုံးပြုစုသော လက်စွဲစာအုပ်**

အညွှန်းကိန်းစာအုပ်ပြုစုရာတွင် ဌာနပေါင်းစုံမှ အညွှန်းကိန်းများပါရှိသဖြင့် အညွှန်းကိန်းများ မှန်ကန်မှုရှိ၊ မရှိကို စစ်ဆေးရာတွင် အခက်အခဲများ ရှိသကဲ့သို့ ပညာရေးဘွဲ့များ၊ ကျွမ်းကျင်မှုအဆင့်အလိုက် သက်မွေးပညာလေ့ကျင့်ပေးခဲ့သူများ၊ ဌာနပေါင်းစုံမှ ပေးပို့သော ဘွဲ့၊ ဒီဂရီများ၊ အခြားပညာရေးသင်တန်းများမှ ဘွဲ့များကိုပြုစုရာတွင် အလွန်လက်ဝင်လှပြီး အခက်အခဲအများအပြားနှင့် တွေ့ကြုံရသည်။ ထို့ပြင် သက်ဆိုင်ရာဌာနများ၊ အညွှန်းကိန်းများ ပေးပို့သူများထံ အကြိမ်ကြိမ်အခါခါ ဆက်သွယ်ပြီး ရှင်းလင်းလွယ်ကူသော အညွှန်းကိန်းတစ်ခုရရှိရန် ဆောင်ရွက်ရပါသည်။ သို့သော်လည်း စာအုပ်တစ်အုပ်အဖြစ် အညွှန်းကိန်းများ စုစုစည်းစည်းဖြင့် တွေ့ရှိရသောအခါ ကြုံတွေ့ခဲ့ရသော အခက်အခဲပင်ပန်းမှုများသည် ယူပစ်သလိုပျောက်သွားပြီး ဝမ်းမြောက်ပျော်ရွှင်မှုကို ရရှိခံစားခဲ့ရပါသည်။ အညွှန်းကိန်းများသည် အဓိကလူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးကို တိုင်းတာနိုင်သော၊ တစ်နည်းအားဖြင့် မောင်းနှင်နိုင်သော ကိန်းဂဏန်းများ ဖြစ်သည်နှင့်အညီ ၎င်းကိန်းဂဏန်းများ တိကျခိုင်မာစေရန် ဆောင်ရွက်ရသော လုပ်ငန်းအဆင့်ဆင့်မှာ အလွန်များပြားပါသည်။ သို့သော် သက်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များ၊ ဦးစီးဌာနမှဝန်ထမ်းများ စုစုစည်းစည်း တက်တက်ကြွကြွတက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ လက်စွဲစာအုပ်တစ်အုပ် အဆင့်မီမီတွေ့ရှိရသဖြင့်လည်း ဆောင်ရွက်ပေးကြသော ဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လုပ်သားအင်အားကောက်ယူပြုစုရေး ဌာနခွဲမှ ဝန်ထမ်းများအား စာအုပ်ဖြစ်မြောက်မှုနှင့်အတူ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ၁၉၉၇ ခုနှစ်တွင် ပထမဆုံးပြုစုသော လက်စွဲစာအုပ်၌ အညွှန်းကိန်း ၅၅ ခု ပါဝင်ခဲ့သော်လည်း နှစ်စဉ်ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများတွင် ဆွေးနွေးအတည်ပြုချက်များ အရ ယခုအခါ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှု တိုင်းတာရာတွင် လိုအပ်သည့်အညွှန်းကိန်း ၆၂ ခု အား ဖော်ပြပါရှိသဖြင့် ပိုမိုပြည့်စုံလာသည်ကို တွေ့ရှိရပါသည်။

အညွှန်းကိန်းအသုံးပြုသူများသည် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းများ လက်စွဲ စာအုပ်တွင်ပါရှိသော အညွှန်းကိန်းများကို ဖတ်ရှုခြင်းဖြင့် မိမိတို့နိုင်ငံ၏ ဧရိယာအကျယ်အဝန်း၊ လူဦးရေပမာဏ၊ လူဦးရေသိပ်သည်းဆများကို လည်းကောင်း၊ မြန်မာနိုင်ငံ၏ လုပ်သားအင်အားတွင် အလုပ်လက်ရှိ၊ အလုပ်လက်မဲ့၊ လုပ်သားအင်အား ပါဝင်မှုနှုန်း၊ အလုပ်လက်မဲ့နှုန်းတို့ကို လည်းကောင်း၊ ကျန်းမာရေးဆိုင်ရာကဏ္ဍတွင် ကျန်းမာရေးဝန်ထမ်းနှင့် လူဦးရေအချိုး၊ ဆေးရုံ၊ ဆေးခန်းအရေအတွက်ကို လည်းကောင်း၊ ပညာရေးဆိုင်ရာကဏ္ဍတွင် ကျောင်းနေနှုန်း၊ ဘွဲ့ရနှင့် သက်မွေးပညာကျောင်းများ၏ သင်တန်းပြီးမြောက်သူ အရေအတွက်ကို လည်းကောင်း၊ စီးပွားရေးကဏ္ဍတွင် ဂျီဒီပီ၊ နှစ်အလိုက် နိုင်ငံတော်အသုံးစရိတ်များကို လည်းကောင်း၊ အခြားကဏ္ဍများတွင် မြေယာအသုံးချမှု၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် သတင်းနှင့် ပြန်ကြားရေး ကဏ္ဍများနှင့် လူဦးရေ မော်တော်ကားစီးရေအချိုး၊ တယ်လီဖုန်း မိုဘိုင်းဖုန်းသုံးစွဲသူ၊ အင်တာနက်သုံးစွဲသူအရေအတွက်၊ စာတိုက်မှ ဝန်ဆောင်မှုပေးမှု၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံအရေအတွက်များ၊ လူမှုဝန်ထမ်းဆိုင်ရာ သင်တန်းကျောင်းများ၊ စင်တာများ၊ မှုခင်းဖြစ်ပွားမှုအခြေအနေ၊ ပြည်သူလူထု၏ ဆေးရုံတက်ရောက်ကုသရခြင်း၊ သေဆုံးရခြင်း စသည့်အဓိကအကြောင်းအရာများကို သိရှိရသဖြင့် နိုင်ငံ၏ဆောင်ရွက်ရန်ကိစ္စရပ်များ၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသည့်ကိစ္စရပ်များကို ပြုစုဆောင်ရွက်ရာတွင် ကိန်းဂဏန်းများ အကိုးအကားဖြင့် ခိုင်ခိုင်မာမာပြုစုရေးသားပြီး ဆောင်ရွက်နိုင်မည်ဖြစ်သလို နိုင်ငံတော်တိုးတက်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကိန်းဂဏန်းများ၊ အညွှန်းကိန်းများဖြစ်ကြောင်းကို တွေ့ရှိရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် မိမိတို့နိုင်ငံ၏ မည်သည့်ရာစုနှစ်တွင် မည်သို့ဖြစ်လာ၍ မည်သို့ ဆောင်ရွက်နိုင်မည် ဆိုသည့်အပိုင်းတွင် တိုးတက်အောင်ဆောင်ရွက်မည့် စီမံကိန်းများရေးဆွဲခြင်း၊ မူဝါဒများချမှတ်ခြင်းဖြင့် တန်ဖိုးရှိလှသော အညွှန်းကိန်းများဖြစ်ပြီး သက်မဲ့ကိန်းဂဏန်းများ ဖြစ်သော်လည်း ကိန်းဂဏန်း အသုံးပြုသူများအတွက်ဆိုပါက အသက်ဝင်နေသော စကားပြောနေသည့် ကိန်းဂဏန်းများအဖြစ် မှတ်ယူမည်ဆိုပါကလည်း လွန်အံ့မည်ဟု မထင်မြင်မိပါကြောင်း ယူဆမိပါသည်။

ထို့ကြောင့် ဤလက်စွဲစာအုပ်သည် အစိုးရဌာနများ၊ စီမံကိန်းရေးဆွဲသူများ၊ သုတေသနပြုသူများ၊ NGO များနှင့် စက်ရုံ၊ အလုပ်ရုံများ၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများအတွက် လွန်စွာ အထောက်အကူပြုမည်ဖြစ်ပါသည်။ အဆိုပါစာအုပ်ကို အညွှန်းကိန်းနှင့်သက်ဆိုင်သော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် စီးပွားရေးတက္ကသိုလ်များ၏ စာကြည့်တိုက်များသို့ ဖြန့်ဝေမည်ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာန၏ Website ဖြစ်သော www.mol.gov.mm သို့ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း မိတ်ဆက်မျှဝေအပ်ပါသည်။ ။

# ရန်သူမျိုး ငါးပါး

**ပီမိုးနင်း**

လူသည် စစ်တိုက်ရန် အလုပ်တာဝန်နှင့်လူ့ဘဝကို ရောက်၍လာ၏။ ထိုစစ်ပွဲသည်ကား နေ့စဉ်စစ်ပွဲဖြစ်၏။ ထိုစစ်ပွဲမှာ ကမ္ဘာစစ်ကြီးထက် ကြီးကျယ်သော စစ်ပွဲကြီးများဖြစ်လေသည်။ လူသတ္တဝါတို့၏ ရည်ရွယ်ချက်သည် ထိုစစ်ပွဲများကို အောင်မြင်ဖို့ ရည်ရွယ်ချက်ဖြစ်လေသည်။ ကမ္ဘာစစ်ကြီးမှာ လူများ၍ လက်နက်ကောင်းလျှင် လွယ်ကူစွာနိုင်၏။ ဤနေ့စဉ်စစ်ပွဲမှာ ထိုမျှလောက် မလွယ်ကူသဖြင့် လူသတ္တဝါတို့သည် အများအားဖြင့် စစ်ရှုံး၍နေကြလေသည်။ ၎င်းစစ်ပွဲ၌ ရန်သူကြီး ငါးပါးရှိ၏။ ထိုရန်သူကြီး ငါးပါးသည် လူစွမ်းကောင်းငါးယောက်ဖြစ်လေသည်။ ၎င်းလူစွမ်းကောင်း ငါးယောက်သည် ကမ္ဘာပေါ်ရှိ လူသတ္တဝါဟူသမျှကို နိုင်နင်းလျက်ရှိကြလေသည်။

ကမ္ဘာကိုလွှမ်းမိုးစိုးအုပ်သော နပိုလျံ၊ အယ်လိပ်ဇံဒါသီဂရိတ်နှင့် အလောင်းမင်းတရားကြီးတို့သည် တိုင်းပြည်တို့ကို နိုင်နင်းအောင်မြင်ကြသော်လည်း ထိုလူကောင်း ငါးယောက်နှင့်တွေ့ရာ၌ အရေးနိမ့်လျက် ဆုံးရှုံးခြင်းဖြစ်ကြလေသည်။

ထိုရန်သူကြီး ငါးဦးကို အတော်အတန် ခုခံနိုင်သူတို့သည် လောက၌ ကြီးပွားချမ်းသာခြင်းကို ရရှိခံစားကြရ၏။ လောကုတ္တရာအကျိုးစီးပွားကိုလည်း ခံစားရရှိနိုင်ကြလေသည်။

ထိုရန်သူကြီးငါးဦးကို ခုခံနိုင်ခြင်း၏ အင်အားကြီးမားသလောက် လောကီလောကုတ္တရာအကျိုးစီးပွားကို ရရှိခံစားကြရလေသည်။ ၎င်းရန်သူကြီး ငါးဦးကို အနည်းငယ်မျှခုခံငြင်းဆန်ခြင်းမပြု၊ လုံးလုံးကြီးရှုံးနိမ့်သူတို့သည်ကား လောကီလောကုတ္တရာအကျိုးစီးပွား လုံးလုံးကြီးပျက်စီးရုံသာမက အသက်ဆုံးရှုံးခြင်းသို့ပင် ရောက်နိုင်လေသည်။

ထိုရန်သူကြီးငါးဦး ခုခံတွန်းလှန်ခြင်း၏ အားအင်စွမ်းသတ္တိကြီးမားလေလေ စိတ်၏တန်ခိုးသတ္တိအစွမ်း တိုးတက်လေလေဖြစ်လေသည်။ ထိုရန်သူကြီးငါးဦးသည် မိမိကနိုင်လျှင် ဖျက်ဆီးနိုင်၏။ မိမိတို့က အရေးနိမ့်လျှင် မိမိတို့ကို ခုခံနိုင်သူတို့အား ဝီလ်ပါဝါ ခေါ် စိတ်၏တန်ခိုးသတ္တိကို တိုးတက်စေ၍ ဤဘဝတွင် လတ်တလောချင်း အကျိုးကိုပေးနိုင်သော ရန်သူကြီးများဖြစ်ကြလေသည်။

လူသတ္တဝါတို့၏ စိတ်တန်ခိုးလေ့ကျင့်ခန်းကို ထိုငါးဦးသော လူစွမ်းကောင်းကြီးတို့သည် ဖန်တီး၍ပေးကြလေရာ ၎င်းတို့နှင့် နေ့စဉ်အမြဲ တွေ့ဆုံတိုက်ခိုက်ရသောလေ့ကျင့်ခန်းဖြင့် ဘဝ၌လည်းကောင်း၊ ဘဝအဆက်ဆက်၌လည်းကောင်း အဆင့်အတန်းတိုးတက်ခြင်းကို ဖြစ်စေနိုင်လေသည်။ ဘဝ၏ ရင့်သန်ခြင်းအတွက်လည်း ထိုနေ့စဉ်စစ်ပွဲများ၌ လေ့ကျင့်ခန်းကို ယူရလေသည်။ ထိုလေ့ကျင့်ခန်း၌ အမြဲမပျက်မကွက်အားထုတ်သူတို့မှာ ဆင်းရဲခြင်းဘေး မတွေ့နိုင်ချေ။ အခြားသော ဘေးအန္တရာယ်တို့သည်လည်း နည်းပါး၍သွားရလေသည်။ ၎င်းလူစွမ်းကောင်းငါးဦးနှင့် တိုက်ခိုက်ခြင်းဖြင့် စိတ်တန်ခိုးလေ့ကျင့်ခန်းကို ယူရခြင်းအလုပ်သည် ခက်ခဲကြီးလေးသော်လည်း တစ်စတစ်စ နိုင်နင်းသော အားအစွမ်းကို ရရှိလေရာ ခုခံတိုက်ခိုက်ခြင်းကိုသာ မပြုသူတို့မှာ အမြဲရှုံးသည်ထက်ရှုံး၍သာ နေကြရလေသည်။ ခုခံလေ့ရှိသူတို့မှာ ကိုယ်စိတ်နှစ်ဖြာ ကြွံခိုင်သဖြင့် သုခချမ်းသာနှင့် စိတ်၏ငြိမ်သက်ခြင်းကို ခံစားရလေသည်။

ထိုရန်သူငါးပါးတည်းဟူသော လူစွမ်းကောင်းငါးဦးပေါင်းစပ်ခြင်းဖြင့် ဤကမ္ဘာလောကကြီးဖြစ်ပေါ်၍နေလေသည်။ ဤကမ္ဘာလောကဓာတ်သည် ဤလူစွမ်းကောင်းကြီးငါးယောက်နှင့် တည်နေရ၏။ ဤငါးယောက်သော လူစွမ်းကောင်းများမရှိက ဤလောကကြီး မရှိနိုင်ချေ။ အကြောင်းမူကား ဤလောကဓာတ်ကြီးတစ်ခုလုံးမှာ "အဆင်း၊ အနံ့၊ အရသာ၊ အတွေ့၊ အသံမှတစ်ပါး အခြားမရှိ" ၎င်းငါးဦးသာရှိလေရာ ထိုငါးဦးလျှင် လူစွမ်းကောင်းငါးယောက်ဖြစ်ကြလေသတည်း။ ထိုငါးဦးဖြင့် ဤလောကဓာတ်ကြီး တည်၍နေလေရာ ထိုငါးဦးကို နိုင်နင်းသူများသည် ဤလောကဓာတ်ကြီးကို နိုင်နင်းအောင်မြင်သူများဖြစ်ကြလေရာ ခုခံတွန်းလှန်နိုင်ခြင်း အစွမ်းကြီးလျက် စိတ်၏သုခ၊ ကိုယ်၏သုခကို ခံစားကြရလေသည်။ မြတ်စွာဘုရားသည်ကား အနိုင်ဆုံးသောပုဂ္ဂိုလ်ဖြစ်လေသတည်း။ ။

■

# သင်၏ဉာဏပိုင်းဆိုင်ရာ လှုပ်ရှားမှုများ ရှင်သန်ပါစေ

**အောင်မြတ်စည်သူ**

သင့်ပန်းတိုင်များသို့ ခရီးစဉ်သည် မည်သည့်အခါမျှ တစ်ဖြောင့်တည်းသွားမည်မဟုတ်ချေ။ အမြဲတစေပင် အဖုအထစ်လမ်းကြောင်းဖြစ်မည်။ သင်အထက်သို့တက်သွားပြီး အောက်သို့အနည်းငယ်ပြုတ်ကျလာမည်။ ရှေ့သို့နှစ်လှမ်း၊ နောက်သို့တစ်လှမ်းပင်ဖြစ်သည်။ ယင်းသည် စည်းနရီကောင်းသည့်ကပွဲတစ်ခုနှင့်တူသည်။ အထက်သို့တစ်ဖြောင့်တည်းတက်သော မျဉ်းကြောင်းတွင် နရီမရှိချေ။

သို့တိုင်အောင် လူတို့သည် ရှေ့သို့နှစ်လှမ်းလှမ်းပြီး နောက်သို့ တစ်လှမ်းပြန်လျှောသွားလျှင် စိတ်ဓာတ်ကျလေ့ရှိကြသည်။ သူတို့ရှုံးနိမ့်နေပြီ၊ လမ်းပျောက်နေပြီဟု ထင်မှတ်ကြသည်။ သို့သော် သူတို့ထင်သလိုမဟုတ်ချေ။ တိုးတက်မှု၏ စည်းနရီနှင့် အံဝင်ခွင်ကျပင်ရှိနေသည်။ ဤစည်းနရီကို သင်သဘောပေါက်လာလျှင် ယင်းကိုဆန့်ကျင်သွေဖည်လျက်မဟုတ်၊ လိုက်လျောညီထွေစွာပင် သင်ဆောင်ရွက်နိုင်သည်။ နောက်ပြန်လျှောရမည့်ခြေလှမ်းကို သင်စီစဉ်ထားနိုင်သည်။

The Power of Optimism တွင် အဲလင်လွိုင်မက်ဂျင်းနစ်သည် ခေါင်းမာသော အကောင်းမြင်ဝါဒီများ၏ စရိုက်လက္ခဏာများကို ထောက်ပြထားပြီး အကောင်းမြင်ဝါဒီ၏ အရေးအပါဆုံးအချက်တစ်ချက်ကား သူ့တွင် ပြန်လည်ဆန်းသစ်ရန် အစီအစဉ်အမြဲရှိနေခြင်းပင်ဖြစ်သည်။ သူတို့ စွမ်းအားကုန်တော့မည်မှန်း သူတို့ကြိုတင်သိသည်။ "စနစ်တွေအားလုံးအတိုင်း လွှတ်ထားလိုက်ရင် လုံးပါးပါးသွားလိမ့်မယ်လို့ ရူပဗေဒရဲ့စွမ်းအားနိယာမကဆိုတယ်။ စွမ်းအားအသစ်မသွင်းရင် ဇီဝရုပ်က ပြိုပျက်သွားလိမ့်မယ်" ဟု မက်ဂျင်းနစ်က ဆိုသည်။

မကောင်းမြင်သမားတို့သည် အားသစ်လောင်းရန် အကြောင်းတရားမမြင်သောကြောင့် အားသစ်လောင်းရန်အတွက် စီစဉ်မထားချင်ကြချေ။ မကောင်းမြင်သမားများသည် အပြည့်အဝကောင်းလျှင်ကောင်း၊ မကောင်းလျှင် 'ဂျောင်း' သမားများဖြစ်ကြသည်။ လောကကြီးမပြည့်ဝလျှင် အတော်ဘဝင်မကျဖြစ်တတ်ကြသည်။ နောက်သို့ခြေတစ်လှမ်းဆုတ်ရခြင်းသည် လုပ်ငန်းစဉ်တစ်ခုလုံးနှင့်ပတ်သက်၍ မကောင်းချက်ဟုသာမြင်သည်။ "အိမ်ထောင်ရေး ကောင်းမွန်နေခဲ့ပါလျှင် သမုဒယကို ပြန်မွေးနေရန် မလိုချေ" ဟု မကောင်းမြင်သမားက ဒုတိယပျားရည်ဆမ်းခရီးထွက်ရေးကို ပယ်ဖျက်သော အမြင်ဖြင့်ဆိုမည်။

သို့သော် အကောင်းမြင်သမားသည် ဘဝတွင် အနိမ့်အမြင့်ရှိကြောင်း သဘောပေါက်သည်။ ထို့ပြင် အကောင်းမြင်သမားသည် နိမ့်ပါးနေမှုကို ကြောက်လန့် (သို့မဟုတ်) စိတ်ဓာတ်ကျမည်မဟုတ်ချေ။ အတိအကျပြောရပါလျှင် အကောင်းမြင်သမားသည် ကျဆုံးခန်းများအတွက် စီစဉ်ထားလေ့ရှိပြီး ယင်းတို့ကို ကြံကြံဆဆဖြေရှင်းရန်နည်းလမ်းများ ပြင်ဆင်ထားလေ့ရှိသည်။ သင် ပြန်လည်စန်းထရေးအတွက် သင်ဇယားချနိုင်သည်။ သင့်ပြက္ခဒိန်ကို ကြိုကြည့်လျက် ပြန်လည်ဆန်းစစ်ရန်၊ ပြန်လည်အားသစ်လောင်းရန်နှင့် ပြန်လည်နာလန်ထူရန်အချိန်ကို ကန့်သတ်ထားနိုင်သည်။ သင်လတ်တလောအထက်ရောက်နေသည်ဟု ထင်လျှင်ပင် ပြန်လည်ဆန်းစစ်ရန် ပြင်ဆင်ထားသင့်သည်။ ထိပ်တွင် ရှိနေခိုက်မှာပင် တစ်ကျော့ပြန်လာရေးအတွက် ဇယားချထားပါ။ သင်ကြိုက်နှစ်သက်ရာနှင့် ကင်းပနေရေးဖြစ်လျှင်ပင် ကင်းပနေရေးကာလကြီးများကို တည်ဆောက်ထားပါ။

သင်လုပ်ချင်သည့်အလုပ်ကို ဆောင်ရွက်ရန် သင်အသက်ကြီးလွန်းနေပြီဟု ထင်သည့်အဖြစ်ဆိုက်ရောက်နေသည့်အနေကြုံပါလျှင် ယခုသင်သည် သင့်အတွင်းစိတ်တွင် ကိန်းအောင်းနေသောမကောင်းမြင်စိတ် အသံကို နားထောင်နေခြင်းဖြစ်ကြောင်း သဘောပေါက်ပါ။ ယင်းသည် အမှန်တရား၏ အသံမဟုတ်ချေ။ သင်ပြန်လှန်စကားပြောနိုင်သည်။ သူတို့ဘဝကို သူတို့စချင်သည့်အချိန်တွင် ပြန်စခဲ့ကြသော လူသားများစွာအကြောင်း ထိုအသံကို သင်ပြန်သတိပေးနိုင်သည်။ The Paper Chase ဇာတ်ကားတွင် အမ်မီဆုရ သရုပ်ဆောင်ဖြစ်ခဲ့သူ ဂျွန်ဟောက်စ်မန်းသည် အသက်ခုနစ်ဆယ်ကျော် အရွယ်ရောက်ပါမှ သရုပ်ဆောင်အလုပ်လုပ်လာခဲ့သူ ဖြစ်သည်။

ကျွန်တော့်တွင် အတ်ဟီးလ်ဟု အမည်တွင်သော မိတ်ဆွေတစ်ဦးရှိသည်။ သူသည် သူ့ဘဝတစ်လျှောက်လုံးနီးနီးပင် ကြော်ငြာအလုပ် လုပ်ကိုင်ခဲ့သည်။ သို့သော် သူ့စိတ်ထဲ၊ သူ့နှလုံးထဲ သူဖြစ်ချင်နေခဲ့သည်က စာရေးဆရာဖြစ်သည်။ သို့ဖြင့် အသက်ငါးဆယ်နှောင်းပိုင်းကာလတွင် သူသည် စာအုပ်နှစ်အုပ်ရေးသားဖြစ်ခဲ့ပြီး ထိုစာအုပ်များကို မက်ချီဂန်ပြည်နယ်မှ စာပေတိုက်လေးတစ်ခုက ထုတ်ဝေဖြန့်ချိခဲ့သည်။ အသက်ခြောက်ဆယ်အရွယ်တွင်မူ ဟီးလ်သည် I Don't Care If Never Come Back ဟု အမည်ပေးထားသောစာအုပ်ကို ပထမဦးဆုံးအကြိမ် နိုင်ငံတစ်ဝန်း ထုတ်ဝေခွင့်ရခဲ့သည်။ ယင်းစာအုပ်မှာ ဘေ့စ်ဘောအကြောင်းဖြစ်ပြီး ဆိုင်းမွန်အင်ရှုပ်စ်တာ စာပေတိုက်ကြီးမှ ထုတ်ဝေဖြန့်ချိပေးခဲ့သည်။ သူ့စာအုပ်ကို လူကြိုက်များခဲ့ပြီး ဝေဖန်ရေးဆရာများ နှစ်သက်လက်ခံခဲ့ကြသည်။ သူ၏ရည်ညွှန်းစာမျက်နှာသည်ကား ကျွန်တော်ပိုင်ဆိုင်သမျှ ပစ္စည်းတို့တွင် တန်ဖိုးအထားဆုံးရတနာပင်ဖြစ်သည်။ ထိုစာမျက်နှာတွင် သူသည် အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့သည်။

"စာရေးသားခြင်းကို အလေးထားပြီး၊ ကျွန်တော့်ကို အလေးထားပြီး ခင်ဗျားဘေ့စ်ဘောအကြောင်း စာအုပ်တစ်အုပ် ရေးသားသင့်တယ်"ဟု ကျွန်တော့်ကို တစ်နေ့တွင်ပြောကြားခဲ့သော စတီဗ်ချန်ဒလာအတွက်" ဟု စတီဗ်ချန်ဒလာက ပြောကြားခဲ့သည်။

သင် မည်မျှအသက်ကြီးနေသည်ကို သင်မှအပ မည်သူမျှ အရေးမထားချေ။ သင်မည်သည့်အရာကို လုပ်ကိုင်နိုင်သည်ကိုသာ လူတို့အလေးထားပြီး သင်မည်သည့်အရွယ်ရောက်နေသည်ပင်ဖြစ်စေ သင်လုပ်ချင်သည့်အလုပ်ကို လုပ်နိုင်သည်။ နယူးယောက်မြို့ မောင့်ဆီနိုင်းဆေးကျောင်းမှ ဒေါက်တာ မောင့်ဘုရှိတ်ဘမ်သည် အသက်အရွယ်အိုမင်းခြင်း၏ဒဏ်သင့်ခံဦးနှောက်အကြောင်း လေ့လာသုတေသနပြုနေသော သိပ္ပံပညာရှင်များစွာမှ တစ်ဦးတစ်ယောက်ပင်ဖြစ်သည်။ အသက်အရွယ်ကြီးပြင်းလာမှုကြောင့် ဉာဏ်ရည်ထက်မြက်မှု လျော့ပါးသွားသည်မဟုတ်၊ အသုံးမပြုခြင်းကြောင့်သာ ဉာဏ်ရည်လျော့ပါးသွားကြောင်း သူတွေ့ရှိခဲ့သည်။

"ဒီမှာ သတင်းကောင်းကတော့ အသက် (၂၅) နှစ်အရွယ် ဦးနှောက်နဲ့ (၇၅) နှစ်အရွယ်ဦးနှောက်က ဘာမှမကွာခြားဘူးဆိုတာပဲ" ဟု အသက် (၂၀) မှ အသက် (၈၇) နှစ်အတွင်းရှိ စေတနာအလျောက် အစမ်းသပ်ခံခဲ့သော သာမန်လူ ၅၀ ၏ ဦးနှောက်များကိုဆန်းစစ်ရန် သူ၏ဓာတ်ခွဲခန်းကို အသုံးပြုခဲ့သော ဘုရှိတ်ဘမ်က ဆိုခဲ့သည်။ အသက်ကြီး၍ မှတ်ဉာဏ်ချို့ယွင်း၊ ထုံထိုင်းလာသည်ဟု ကျွန်တော်တို့ယုံကြည်ယူဆခဲ့သောအချက်များသည် တကယ်တမ်းတွင် ဦးနှောက်အသုံးမပြုခြင်းကြောင့် ဖြစ်ပေါ်ချက်များဖြစ်သည်ဟု ယခုသက်သေခိုင်လုံစွာ သိရှိရပေပြီ။ ဦးနှောက်သည် သင့်လက်မောင်းမှ ကြွက်သားနှင့်တူသည်။ အသုံးပြုလျှင် သန်စွမ်း၊ သွက်လက်လာသည်။ အသုံးမပြုလျှင် အားယုတ်နှေးကွေးလာသည်။ ဆဲလ်များအတွင်းသို့ ဖြာထွက်သောအကြောအမျှင်များ၊ ဦးနှောက်၏ ဆားကစ်များသည် ဦးနှောက်အသုံးချမှုဖြင့် ကြီးထွားကြောင်းကို UCLA Brain Research Institute (ဦးနှောက်သုတေသနသိပ္ပံ)၏ သုတေသနပြုချက်တွင်ဖော်ပြသည်။

"အသိဉာဏ်ပိုင်းဆိုင်ရာ စိန်ခေါ်ချက်အရာမြောက်သမျှဟာ အကြောအမျှင်တွေ ကြီးထွားဖို့ လှုံ့ဆော်အားပေးမှုတစ်မျိုးဖြစ်နိုင်ပြီး ဦးနှောက်တွင်းမှာရှိတဲ့ တွက်ချက်ဆင်ခြင်စွမ်းကို အားဖြည့်ပေးပုံရတယ်" ဟု ထိုသိပ္ပံ၏အကြီးအကဲ အာနိုးလ်ရှီဘက်လ်က ဆိုသည်။

ဤစကားကို အနှစ်ချုပ်ဘာသာပြန်ဆိုလိုက်ရပါလျှင် သင့်ကိုယ်သင် ပို၍ဉာဏ်ရည်ထက်မြက်အောင် လုပ်နိုင်သည်ဟုပင် ဆိုရမည်။

"ခင်ဗျားရဲ့ ဉာဏ်ရည်ဉာဏ်သွေး တိုးပွားအောင် မလုပ်နိုင်ဘူးလို့ ခင်ဗျားကို ဘယ်သူပြောလဲ။ မကြိုးစားပါနဲ့လို့ ခင်ဗျားကို ဘယ်သူသင်ပေးလိုက်သလဲ။ အဲဒီလိုပြောခဲ့ရင် သူတို့မသိခဲ့ကြလို့ဘဲ။ ခင်ဗျားရဲ့စိတ်ကို ဖြန့်ကြက်လိုက်ပါ။ ဖွံ့ဖြိုးအောင် လုပ်လိုက်ပါ။ အသုံးပြုလိုက်ပါ။ ခင်ဗျားကို ကြွယ်ဝလာစေပြီး အမှန်တရားနဲ့နားလည်မှုအပေါ် စည်ပင်တဲ့ဘဝကို ချစ်မြတ်နိုးစိတ်ရှိလာစေမယ်" ဟု နှလုံးအတု တီထွင်ခဲ့သူ ဒေါက်တာရော်ဘတ်ဂျာဗစ်က ဆိုသည်။

သင်္ချာပညာရှင်များသည် တခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် ပညာရှင်တိုင်းထက် အသက်ရှည်ကြောင်း သုတေသနပြုချက်က ပြသခဲ့ပါသော်လည်း မည်သည့်အတွက်ကြောင့် ထိုသို့ဖြစ်ရကြောင်း ကျွန်တော်တို့ ယခင်က မသိခဲ့ချေ။ ယခု UCLA တွင် ပြုလုပ်ခဲ့သော နောက်ထပ်သုတေသနပြုချက်များသည် Dendrite များ ကြီးထွားမှုနှင့် အသက်ရှည်မှု တိုက်ရိုက်ချိတ်ဆက်မှုရှိကြောင်း အတည်ပြုလိုက်ပြီးဖြစ်သည်။ ဉာဏပိုင်းဆိုင်ရာ လှုပ်ရှားမှုသည် သင့်ကိုရှင်သန်နေစေသည်။ သင်၏ ဉာဏပိုင်းဆိုင်ရာ စိန်ခေါ်ချက်များ ပျောက်ကွယ်သွားပါလျှင် သင့်ဘဝအသက်ပင်လျှင် လွင့်ပါးပျောက်ကွယ်သွားပေမည်။

သင့်အသက် (သို့မဟုတ်) သင့် IQ (သို့မဟုတ်) သင့်ဘဝသမိုင်း (သို့မဟုတ်) သင့်ကို နှေးကွေးနိုင်စေသည့် မည်သည့်အရာကိုမဆို ပြောကြားသော သင့်ရင်တွင်းမှအသံကို နားမထောင်ပါနှင့်။ ဖြားယောင်းသွေးဆောင်မှု မခံပါနှင့်။ သင့်ဦးနှောက်ကို သင်ပေးသော စိန်ခေါ်ချက်ကို တိုးမြှင့်ခြင်းဖြင့် သင့်ဘဝကိုယ်သင် ယခုပင်တိုးတက်အောင် စတင်ပြုနိုင်သည်။ ။

**Ref: Live your intellectual activities by Steve Chandler**

■

# အခွင့်အလမ်းကောင်းရှိသူဖြစ်ချင်သလား

**မောင်ထူးချွန်**

အခွင့်အလမ်းကောင်းဆိုတာကို လူတိုင်း မက်မောကြတာပါပဲ။

အဲဒီနေရာမှာ စာမေးပွဲအောင်မြင်ရေး အခွင့်အလမ်းလား၊ အလုပ်အကိုင်ရရှိဖို့ အခွင့်အလမ်းလား၊ လုပ်ငန်းအောင်မြင်မှုရရှိဖို့ အခွင့်အလမ်းလား၊ စီးပွားရေးအခင်းအကျင်းလုပ်ကွက်ရရှိဖို့ အခွင့်အလမ်းလားဆိုတဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေရှိနေမှာပါပဲ။

မောင်တို့ မယ်တို့အပါအဝင် လူတိုင်းလူတိုင်းမှာ အခွင့်အလမ်းရရှိဖို့အလားအလာတွေရှိပါတယ်။

ဖြစ်ချင်တဲ့ဆန္ဒတော့ ဦးစွာရှိဖို့လိုတာပေါ့။ ဆန္ဒလည်းရှိမယ်၊ ကိုယ်တိုင်လည်းကြိုးစားမယ်ဆိုရင် ဖြစ်ချင်တဲ့ဆန္ဒအတိုင်း အခွင့်အလမ်းတွေက ရရှိလာနိုင်မှာပါ။ ဒါကြောင့် ဆန္ဒကိုအရင်းတည်ပါ။ ကနဦးဆန္ဒရဲ့ အတိမ်အနက်ပေါ်မှာ မူတည်တယ်ကွဲ့။

မောင်တို့ မယ်တို့ဟာ တက္ကသိုလ်ဝင်တန်းကျောင်းသားအရွယ်ဆိုရင် စာမေးပွဲအောင်မြင်ဖို့ အခွင့်အလမ်းရချင်တာနေမှာပေါ့။ စာမေးပွဲအောင်မြင်ချင်တယ်ဆိုရင် သင်ခန်းစာတွေကို ကျက်မှတ်ရမှာပေါ့။ အဲဒါတွေလည်း ပြည့်စုံတယ်ဆိုရင် စာမေးပွဲဖြေဆိုဖို့ ဖောင်ကောတင်ပြီးပြီလား၊ စာမေးပွဲဖြေဆိုဖို့ရာ သတ်မှတ်ရက်အမီ ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ပြီးပြီဆိုရင်တော့ သင်ခန်းစာတွေကို ကျက်မှတ်ပြီးပြီပေါ့။

စာမေးပွဲကို ဝင်ရောက်ဖြေဆိုဖို့ အဆင်သင့်အနေအထားမှာရှိနေပါပြီ၊ သင်ခန်းစာတွေလည်း ကျက်မှတ်ပြီးစီးလို့ပြန်လှန်လေ့ကျင့်ခန်းတွေတောင် သူ့ရက်နဲ့သူ အချိန်ဇယားရေးဆွဲထားရှိကာ စာတွေတောင် ပြန်နွှေးနေပြီဆိုရင် သေချာပြီပေါ့။ အချိန်ရောက်ရင် စာမေးပွဲကို ဝင်ဖြေလိုက်ရုံပဲရှိတော့တာ။

စာမေးပွဲအောင်မြင်ဖို့ အခွင့်အလမ်းရပြီပေါ့။ အောင်မြင်မှုရမှာလည်း အသေအချာပဲပေါ့ကွယ်။

မောင်တို့ မယ်တို့ဟာ အလုပ်အကိုင်ရရှိဖို့အတွက် ဆန္ဒရှိတာဆိုရင်တော့ လိုချင်တဲ့အလုပ်အကိုင်ရဲ့ သတ်မှတ်ထားတဲ့ အရည်အချင်းတွေကို သိရှိဖြည့်ဆည်းထားရမယ်။ အစိုးရဝန်ထမ်းလား၊




ကုမ္ပဏီဝန်ထမ်းလား၊ ပုဂ္ဂလိကလုပ်ငန်းမှာ ဝန်ထမ်းဖြစ်ချင်တာလား၊ ကိုယ်ပိုင်လုပ်ငန်းရှင်ဖြစ်ချင်တာလား၊ အဲဒီအပေါ်မှာ ရွေးချယ်ရမှာပေါ့။ ဒါကြောင့် မိမိကိုယ်တိုင်ကြိုးစားအားထုတ်ပါ၊ အကောင်းဆုံး အလုပ်လုပ်ပါ၊ ပျော်ပျော်ရွှင်ရွှင်၊ ထက်ထက်သန်သန် လုပ်ဆောင်တာဟာ အောင်မြင်မှုရဲ့အနှစ်သာရပါပဲ။ အခုအချိန်မှာ ပေးဆပ်ပါ၊ နောင်မှအမောဖြေပါ။ သာယာပါ။ ဘဝအတွက် အရာရာတိုင်းဟာ သူနဲ့ညီမျှတဲ့တန်ဖိုးနဲ့ ဝယ်ယူကြရတာဖြစ်တယ်။

"လောကကြီးမှာ တကယ်အောင်မြင်သူက နည်းနည်း၊ မအောင်မြင်ဘဲ ဟိုကွေ့၊ ဒီကောက်၊ ချောက်ထဲကျပြီး အောင်မြင်မှုဆိုတာ ရေရေရာရာ မသိဘဲ လျှောက်ပြောနေသူကများများ၊ အောင်မြင်မှုဆိုတာ ခရီးဆုံးတစ်ခုလို့ သတ်မှတ်ရမယ့်အရာတစ်ခုပါ။ စစ်မှန်တဲ့အောင်မြင်မှုတွေရဖို့ဆိုတာ နေ့စဉ်နေ့စဉ်ကြိုးစားရမယ့်အရာတစ်ခုပါပဲ" လို့ မှတ်သားဖူးပါတယ်။

ဘယ်လိုအလုပ်မျိုးပဲလုပ်နေလုပ်နေ စိတ်ကောင်းစေတနာကောင်းနဲ့လုပ်ပါ။ နောက်ပြီး ကိုယ်လုပ်ခွင့်ရတဲ့အလုပ်ကို မြတ်မြတ်နိုးနိုးနဲ့ ပျော်ပျော်ရွှင်ရွှင်၊ ကြည်ကြည်သာသာ၊ သပ်ရပ်သန့်ရှင်းစွာလုပ်နေမယ်ဆိုရင် အောင်မြင်မှုဆိုတာ လက်တစ်ကမ်းမှာပါပဲ။ နေ့စဉ်လုပ်ငန်းဆောင်တာတိုင်းဟာ ဘဝအောင်မြင်မှုကို သက်ရောက်စေတာပါပဲ။ နေ့သစ်တွေတိုင်းဟာ အောင်မြင်မှုတွေကို ဖန်တီးယူရာအချိန်ကောင်းတွေပဲပေါ့။ အောင်မြင်မလား၊ ကျဆုံးမလားဆိုတာ မိမိရဲ့ နေ့စဉ်လုပ်ငန်းဆောင်တာတွေ လုပ်ပုံကိုင်ပုံတွေနဲ့ အချိုးကျဆက်နွှယ်နေတာပေါ့။

အောင်မြင်မှုအခွင့်အလမ်းတွေ ရရှိဖို့ဆိုရင် ပေးဆပ်ရပါလိမ့်မယ်။ ဘယ်အရာမှ အလကားမရနိုင်ပါဘူး။ တန်ရာတန်ကြေးကို မုချပေးဆပ်ရမှာပါပဲ။ မတွန့်တိုနဲ့၊ အချောင်မခိုဖို့တော့လိုတယ်။

ရရှိလာတဲ့အခွင့်အလမ်းတွေနဲ့ ဘဝအောင်မြင်မှုရရှိအောင်လည်း တည်ဆောက်နိုင်ရမယ်။

ဘဝမှာအောင်မြင်ချင်တယ်၊ အောင်မြင်မှုရချင်တယ်ဆိုရင် လူမှုဆက်ဆံရေး ကောင်းမွန်မှုရှိရမယ်။ မေတ္တာကိုရှေးရှုပါ။ လူတစ်ဦးချင်းစီကို စိတ်ဝင်စားပါ။ မေတ္တာရရှိအောင် နေထိုင်ပြုမူပါ။ နာမည်တွေကို မှတ်စုနဲ့မှတ်သားထားပြီး အလွတ်ရရှိနေအောင် ကျက်မှတ်ပါ။ နာမည်ခေါ်ပြီး နှုတ်ဆက်ပါ။ နာမည်ခေါ်ပြီး စကားပြောပါ။ မိမိနာမည်အခေါ်ခံရတာ၊ မိမိနာမည်ကိုတကူးတကခေါ်ပြီးစကားပြောတာကို ခံရတဲ့အခါ လူတိုင်းကနားဝင်ချိုပါတယ်။ နှစ်သက်ကြပါတယ်။ သူတစ်ပါးကို ကိုယ်ချင်းစာပါ။ ကြင်နာဖေးမပါ။ ဦးစားပေးပါ။ ကူညီပေးပါ။ ကိုယ်ကိုယ်တိုင်ကလည်း သည်းခံပါ၊ ခွင့်လွှတ်ပါ၊ အနစ်နာခံပါ၊ စိတ်ကောင်းထားပါ၊ စေတနာကောင်းထားရှိပါ၊ မနော‌ဖြူပါစေ။

မောင်တို့မယ်တို့ဟာ အောင်မြင်မှုရရှိဖို့အတွက်ပဲဖြစ်ဖြစ်၊ အခွင့်အလမ်းကောင်းတွေရရှိရေးအတွက်ပဲဖြစ်ဖြစ် ဘဝအောင်မြင်ရေးနည်းနာတွေကို အသေအချာလေ့လာ လိုက်နာကျင့်ဆောင်ရမှာပေါ့ကွယ်။

အဲဒါကြောင့် နေ့စဉ်တိုးတက်ဖို့ အာရုံစိုက်ပါ။ ရတဲ့အချိန်တိုင်းကို တန်ဖိုးရှိရှိအသုံးချပါ။ အချိန်ကို အသေအချာစီမံခန့်ခွဲပါ။ ဦးစားပေးရွေးချယ်ပြီး အထိုက်တန်ဆုံးအလုပ်တွေကို လုပ်ပါ။ အချိန်ကို သုံးပါ။ မဖြုန်းပါနဲ့။ မျက်စိဖွင့် နားစွင့်ထားပါ။ စာဖတ်ပါ။ သတင်းစာဖတ်ပါ။ ရေဒီယိုနားထောင်ပါ။ ကိုယ်နဲ့သင့်တော်မယ့်တစ်ခုခုကို ဆက်လက်သင်ယူနေပါ။ လောကကို အမြင်ကျယ်ကျယ်ကြည့်မြင်ပါ။

အောင်မြင်ရေးနည်းနာတွေကို ကြိုးစားလိုက်နာလုပ်ဆောင်မယ်ဆိုရင် အောင်မြင်မှုအတွက် အခွင့်အလမ်းတွေရပြီပေါ့။ အခွင့်အလမ်းသာရပြီဆိုရင်တော့ ဆန္ဒရှိနေတဲ့ရည်မှန်းချက်ပြည့်ပြီပေါ့။

အဲဒီလိုသာ စိတ်ရောကိုယ်ပါပြုမူ၊ ကျင့်ဆောင်ကြမယ်ဆိုရင် ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်တွေနဲ့ မောင်တို့ မယ်တို့သာမက လူတိုင်းလူတိုင်းအတွက် နေရာတိုင်း၊ အချိန်တိုင်းမှာ အခွင့်အလမ်းတွေ အသင့်ရှိနေမှာပါပဲ။

မောင်တို့ မယ်တို့အတွက် အခွင့်အလမ်းတွေ ရရှိလာမှာ မလွဲကေန်ပဲပေါ့ကွယ်။ ။

# ကြီးပွားချမ်းသာနည်းဗျူဟာ

**ထက်ခိုင်**

### ငွေကိုချွေတာစုဆောင်းပါ

"သင့်ဝင်ငွေ၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ စုဆောင်းပါ။ ယင်းသို့ မစုဆောင်းနိုင်လျှင် အနည်းဆုံးအချိန်ပိုအလုပ်လုပ်ပါ"

**စာရေးဆရာ အမ်၊ အက်စ်၊ ရက်ဒီ(၁၉၂၄–၂၀၁၁)**

အောင်မြင်ကြီးပွားချမ်းသာရေးအတွက် လူတိုင်းလူတိုင်းက အစဉ်ကြိုးစားလျက်ရှိရာ အောင်မြင်ကြီးပွားရေးအတွက် ကြိုးစားရာတွင် အခရာကျသည့်အချက်တစ်ချက်ရှိပါသည်။

ယင်းမှာ ငွေကိုချွေတာစုဆောင်းခြင်းပင်။

ကြီးပွားချမ်းသာခြင်းဟူသည် ငွေရေးကြေးရေးနှင့် အဓိကဆက်နွှယ်မှုရှိသည်။ ငွေကြေးဥစ္စာများ ရှင်သန်တိုးတက်ကြီးထွားမှုအပေါ်တွင် များစွာမူတည်နေလေရာ ငွေကြေးရရှိသည့်အခါ ချွေတာစုဆောင်းမှုကို စနစ်တကျဖြစ်စေရန် အဓိကလိုအပ်သည်။

ထို့အပြင် အောင်မြင်ကြီးပွားချမ်းသာလိုသူတိုင်းက ငွေကြေးစီမံခန့်ခွဲမှုကို ကောင်းမွန်စွာဦးစီးလုပ်ဆောင်တတ်ရန်လည်း အရေးပါလှသည်။

"သင့်ဝင်ငွေ၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ စုဆောင်းပါ။ ယင်းသို့ မစုဆောင်းနိုင်လျှင် အနည်းဆုံးအချိန်ပိုအလုပ်လုပ်ပါ" ဟူ၍ စာရေးဆရာ အမ်၊ အက်စ်၊ ရက်ဒီ (၁၉၂၄–၂၀၁၁) က ရေးသားဖော်ပြခဲ့ဖူးသည်။

မဖြစ်မနေ ငွေကြေးကိုချွေတာစုဆောင်းပြီး ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် သင့်စိတ်ကိုတုံးတုံးချ ဆုံးဖြတ်ထားရန်လိုသည်။ ယင်းသည်ပင်လျှင် သင့်အားပြီးမြောက်အောင်မြင်စေနိုင်သည်ဟုလည်း အဆိုပါစာရေးဆရာ အမ်၊ အက်စ်၊ရက်ဒီက ပြောဆိုထားသည်။

"ချွေတာစုဆောင်း သူဌေးလောင်း" ဟု မြန်မာစကားဥ္စလည်းရှိပေသည်။

ငွေကို ချွေတာစုဆောင်းခြင်းအားဖြင့် တ ဖြည်းဖြည်းစုစည်းမိလာပေမည်။ ထိုမှ ငွေလုံးငွေရင်းတိုးတက်ကြီးထွားလာပြီး အရင်းအနှီးများ ရလာနိုင်သည်ဖြစ်ရာ ငွေကိုချွေတာစုဆောင်းခြင်းအလုပ်မှာ မဖြစ်မနေ



လုပ်သင့်လုပ်ထိုက်ပေသည်။

ရရှိလာသောဝင်ငွေကို နည်းများမဟူ စနစ်တကျချွေတာစုဆောင်းတတ်ရန် အထူးလိုအပ်သည်။

သို့မှသာ ဝင်ငွေရသမျှအနေအထားမှ ခြိုးခြံချွေတာစုဆောင်းမှုအတိမ်အနက်ပေါ်မူတည်ကာ ငွေကြေးပိုင်ဆိုင်နိုင်မှုသည်လည်း သိသာစွာကွာဝေးလာပေမည်။

သို့ဖြစ်သောကြောင့် ငွေဖြုန်းတီးမှုလုံးဝမဖြစ်စေဘဲ စုဆောင်းမှု၊ ချွေတာမှုတို့၏ အသီးအပွင့်အဖြစ် ငွေကြေးကို လက်ဝယ်ပိုင်ဆိုင်နိုင်မှု စွမ်းအားမြင့်မားလာသည်နှင့်အမျှ ငွေကြေးကြွယ်ဝမှုကိုစတင်ခံစားလာရပေမည်။ ယင်းသည် ကြီးပွားချမ်းသာမှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာနိုင်သည့်လမ်းစလည်းဖြစ်သည်။

လူတိုင်းလူတိုင်း ကြီးပွားချမ်းသာလိုကြသည်။

ကြီးပွားချမ်းသာလိုသောလူတိုင်းသည် ကြီးပွားချမ်းသာလိုသည်ဟူသည့် အဓိကရည်မှန်းချက်တစ်ခုရှိနေရပေမည်။ ယင်းရည်မှန်းချက်အား အကောင်အထည်ဖော်နိုင်မှုအပေါ်တွင်သာမူတည်၍ ကြီးပွားချမ်းသာမှုရရှိခြင်း၊ မရရှိခြင်းတို့ ကွာသွားရခြင်းပင်။

ကြီးပွားချမ်းသာလိုသော လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် ငွေကြေးစီမံခန့်ခွဲအသုံးပြုတတ်ရန် လွန်စွာအရေးကြီးကြောင်း ပြဆိုထားမှုများကိုအလေးထားလိုက်နာရပေမည်။

ဗြိတိန်နှင့် အိန္ဒိယစာရေးဆရာကြီး အမ်၊ အက်စ်၊ ရက်ဒီက ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း စုဆောင်းကာ အသုံးစရိတ်ကိုရေးချပြီး ဦးစားပေးအဆင့်ခွဲခြားသတ်မှတ်ရန် လမ်းညွှန်ထားသကဲ့သို့ မြန်မာစာရေးဆရာကြီး ရွှေဥဒေါင်းကလည်း ငွေကြေးရှာဖွေသုံးစွဲမှု၊ ငွေကြေးစုဆောင်းမှုတို့နှင့်ပတ်သတ်၍ လမ်းညွှန်ရေးသားထားမှုများစွာ ရှိပေသည်။

"အလွန်သုံးဖြုန်းတတ်သောသူသည် မွဲမည်ကို စိုးရိမ်ရသောဘေးမှ မလွတ်သောကြောင့် မကြီးပွားနိုင်ချေ။ ဝင်ငွေ၏ တချို့တစ်ဝက်ကို စုဆောင်းလေတတ်သောအကျင့်တစ်ခုရှိရမည်"

"လက်ထဲတွင် လက်ကျန်ငွေရှိသောသူသည် မွဲသွားမည်ကို ကြောက်ရွံ့နေရသောဘေးမှ လွတ်မြောက်သည့်အပြင် အလုပ်အကိုင်ကိုလည်း ရွေးချယ်နိုင်ခွင့်ရှိ၏။ လက်ကျန်ငွေမရှိသောသူမူကား တွေ့ရာအလုပ်ကိုလုပ်ရတတ်၏။"

ဤသည်မှာ ဆရာကြီးရွှေဥဒေါင်း၏လမ်းညွှန်မှုများစွာတို့မှ အချို့ပင်ဖြစ်သည်။

ထိုကဲ့သို့သော ပြည်တွင်းပြည်ပစာရေးဆရာကြီးများ၏ အောင်မြင်ရေးနည်းနာများကို မှတ်သားနာယူကာ ကြီးပွားချမ်းသာလိုသူတိုင်း မဖြစ်မနေကျင့်ကြံလုပ်ဆောင်ရပေမည်။ သို့မှသာ အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိလာမည်ဖြစ်ပေတော့သည်။ ။

## မောင်တောကုန်သွယ်ရေးစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးမြစ်ချင်းတင်ပို့နိုင်မှုအခြေအနေ

မောင်တော ဇန်နဝါရီ ၉

မောင်တော ကုန်သွယ်ရေးစခန်းသည် တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းနှင့် ရေထွက်ပစ္စည်းများအား အဓိကတင်ပို့နေသော စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ရေထွက်ပစ္စည်းများမှာ ငါးမြစ်ချင်း၊ ငါးသလောက်၊ ငါးနီတူခြောက်၊ ငါးကုန်းညိုခြောက်၊ ငါးစုံလေးခြောက်တို့ဖြစ်ပြီး ၎င်းရေထွက်ပစ္စည်းများအနက်မှ မြန်မာ့ရေချိုငါး ငါးမြစ်ချင်းများအား မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ အဓိကတင်ပို့လျက်ရှိပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (ဧပြီလမှ ဇန်နဝါရီလ ၈ ရက်နေ့အထိ) ငါးမြစ်ချင်းတန်ချိန် တန် ၆၂၈၀ ဒသမ ၂၀၀ တင်ပို့နိုင်ခဲ့ပြီး ဈေးကွက်လိုအပ်ချက်အရ ဆက်လက်တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့ ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၂၈၀၂ ကျပ်၊ ၁၁၃ တာကာ၊ ကျပ် ၁၀၀ လျှင် ၄ ဒသမ ၀၃ တာကာ၊ တစ်တာကာလျှင် ၂၄ ဒသမ ၈ ကျပ် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

■



## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပစ္စည်းတင်ပို့မှုနှင့် သွင်းကုန်ပစ္စည်း တင်သွင်းမှု အခြေအနေ

ကော့သောင်း ဇန်နဝါရီ ၉

ကော့သောင်းကုန်သွယ်ရေးစခန်းမှ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်တို့ဖြစ်သည်။

ဇန်နဝါရီ ၁ ရက်မှ ၈ ရက်အထိ ပို့ကုန်တန်ချိန် ၂၄၂၀ (တန်ဖိုး အမေရိကန် ဒေါ်လာ ၃ ဒသမ ၉၃၇ သန်း)၊ သွင်းကုန်တန်ချိန် ၂၅ (တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၄ သန်း) ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၅၁ သန်း ကုန်သွယ်ဆောင်ရွက်နိုင်ခဲ့သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ လေသနံ့ဆေးရည်၊ ဖော်မလင်၊ ဆိုးဆေးရည်၊ ကော်ပိုက်လုံးဖြစ်ကြောင်း သိရသည်။ ဇန်နဝါရီ ၉ ရက် ပြင်ပငွေလဲနှုန်းမှာ ငွေကျပ်တစ်သိန်းလျှင် ဘတ် ၁၂၀၅၊ တစ်ဘတ်လျှင် ငွေကျပ် ၈၃ကျပ်ခန့် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ငါန်းဇွန်မြို့နယ်၌ ပဲစင်းငုံသီးနှံများ ရိတ်သိမ်းထွက်ပေါ်

မန္တလေး ဇန်နဝါရီ ၉

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၌ ၂၀၁၂-၂၀၁၃ ခုနှစ်စိုက် ပဲစင်းငုံများ ဒီဇင်ဘာ ပထမပတ်မှစ၍ ရိတ်သိမ်းထွက်ပေါ်နေပြီဖြစ်ကြောင်း၊ ငါန်းဇွန်မြို့နယ်တွင် ပဲစင်းငုံသီးနှံစိုက်ပျိုးရန် ၂၉၂၉၄ ဧက လျာထားခဲ့ပြီး ၃၀၉၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ပဲစင်းငုံသီးနှံကို နှစ်စဉ်မေလတွင် စတင်စိုက်ပျိုးကြပြီး စိုက်ပျိုးသည့် မျိုးများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် ရွှေဒင်္ဂါးမျိုးကို အများဆုံး စိုက်ပျိုးကြသည့်အပြင် အခြားမျိုးများဖြစ်သည့် ငါးဆံပဲ၊ ရွှေတဆုပ် စသည့်မျိုးများကိုလည်း အနည်းငယ်စိုက်ပျိုးကြကြောင်း သိရသည်။

ငါန်းဇွန်မြို့နယ် သရက္ကန်အုပ်စု အောင်ချမ်းသာကျေးရွာရှိ တောင်သူများမှာ ရွှေတဆုပ်မျိုး၊ ငွတစ်ရာမျိုးများကို စိုက်ပျိုးကြပြီး ယခုနှစ်တွင် မိုးရွာသွန်မှုနည်းပါးခဲ့ပြီး၊ အစိုဓာတ်လိုအပ်ချိန်တွင် နှင်းကျရောက်မှုလည်း နည်းသည့်အတွက် ယခင်နှင့်နှိုင်းယှဉ်ပါက အထွက်နှုန်းနည်း နေကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ခုနစ်တင်းခန့် ထွက်ရှိခဲ့၍ အဖွင့်ဈေးအနေဖြင့် တစ်တင်းလျှင် ကျပ် ၅၅၀၀၀ ခန့်ဖြင့် စတင်ခဲ့ပြီး ကျပ် ၆၀၀၀၀ ခန့်အထိ ဈေးနှုန်းများမြင့်တက်ခဲ့ကာ အပိတ်ဈေးမှာ ကျပ် ၄၅၀၀၀၊ ၄၈၀၀၀ ဝန်းကျင်သာရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် တစ်ဧကအထွက်နှုန်းမှာ လေးတင်းခန့်သာထွက်ရှိခဲ့၍ အဖွင့်ဈေးအနေဖြင့် ကျပ် ၇၀၀၀၀ ခန့်ဖြင့် စတင်ခဲ့ပြီး ဒီဇင်ဘာလစတုတ္ထပတ်တွင် ကျပ် ၅၃၅၀၀ ခန့်ရှိကြောင်းသိရသည်။ တင်ပို့ရောင်းချမှုအနေဖြင့် မန္တလေး၊ မြင်းခြံ၊ ကျောက်ဆည် စသည့်မြို့ကြီးများသို့ တင်ပို့ရောင်းချကြပြီး တချို့တောင်သူများမှာလည်း ကျေးရွာထွက်ကားများဖြင့် ကိုယ်တိုင် ဈေးရောင်းဈေးဝယ်ပြုရင်း သွားရောက်ရောင်းချကြကြောင်း သိရသည်။

DOCA(မန္တလေး)

## စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုပေါ်ဆန်း ဈေးကောင်းရ

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာပြည် အထက်ပိုင်း၏ ဆန်အိုးကြီးဟု တင်စားခေါ်ဝေါ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုပေါ်ဆန်းကို နှစ်စဉ်စိုက်ဧက သုံးသိန်းမှ လေးသိန်းကြား စိုက်ပျိုးလျက်ရှိကြောင်း၊ ရွှေဘိုခရိုင်၊ ရေဦးခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် အများဆုံး စိုက်ပျိုးကြကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။ ယခုနှစ်တွင် ရွှေဘိုပေါ်ဆန်း စိုက်ဧက ၃ ဒသမ ၅ သိန်းကျော် စိုက်ပျိုးကြောင်းသိရပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင်ပျမ်းမျှ ၈၂ တင်းကျော် ထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားသည့်အတွက်စုစုပေါင်း အထွက်တင်းပေါင်း သိန်း ၃၀၀ ခန့်ထွက်ရှိနိုင်ကြောင်း သိရသည်။ ယခုနှစ်တွင် ဆည်ရေလုံလောက်စွာရရှိခဲ့ခြင်း၊ ရာသီဥတုကောင်းမွန်ခြင်း၊ ဖျက်ပိုးကျရောက်မှု မရှိသလောက်နည်းပါးခြင်းတို့ကြောင့် စပါးအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။

ယခုနှစ်တွင် ရွှေဘိုပေါ်ဆန်းစပါးကို ဒီဇင်ဘာ ဒုတိယပတ်မှစတင်၍ စပါးသစ်များ ရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာလကုန်တွင် ၅၀ ရာခိုင်နှုန်းခန့် ရိတ်သိမ်းပြီးစီးကြောင်း၊ ဇန်နဝါရီလကုန်တွင် ရာနှုန်းပြည့်ခန့် ရိတ်သိမ်း ပြီးစီးနိုင်ကြောင်း သိရသည်။ စပါးသစ်ဈေးနှုန်းအနေဖြင့် စပါးတင်း ၁၀၀ လျှင် ကျပ် ၁၅ သိန်းမှ ကျပ် ၁၆ သိန်းနှုန်းဖြင့် လက်ရှိ၌ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ရွှေဘိုပေါ်ဆန်းဆန်သစ်ဈေးနှုန်းမှာ ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၅၅၀၀၀ မှ ကျပ် ၆၀၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်းသိရသည်။ ယခင်နှစ်ရွှေဘိုပေါ်ဆန်း ပေါ်ဦးပေါ်ဖျားဈေးနှုန်းမှာ စပါးတင်း ၁၀၀ လျှင် ငွေကျပ်၁၁ သိန်းခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာယခုနှစ်တွင် ရွှေဘိုပေါ်ဆန်းစပါးသည် ပေါ်ဦးပေါ်ဖျားကာလ၌ပင် ဈေးကောင်းရနေကြောင်း သိရသည်။

လက်ရှိတွင် ရွှေဘိုပေါ်ဆန်းဆန်သစ်များ ထွက်ပေါ်လာသော်လည်း ပေါ်ဆန်း စပါးဟောင်းများမှာ ဈေးကွက်တွင် အရောင်းသွက်လျက်ရှိနေဆဲဖြစ်ရာ စပါးဟောင်း တင်း ၁၀၀ လျှင် ငွေကျပ် ၂၆ သိန်းနှင့် ဆန်ဟောင်း ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၈၈၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

DOCA (စစ်ကိုင်း)

## ကယားတောင်ကုန်းမြင့်ကော်ဖီ ဈေးကွက်အခြေအနေ

လွိုင်ကော် ဇန်နဝါရီ ၉

ကယားပြည်နယ်၌ စပါးနှင့်ပြောင်းကို အဓိကထားစိုက်ပျိုးလျက်ရှိပြီး အချို့ဒေသများတွင် ရွှေ့ပြောင်းတောင်ယာမှ နှစ်ရှည်သီးနှံပြောင်းလဲ၍ ကော်ဖီသီးနှံကိုနှစ်ရှည်သီးနှံအဖြစ် စိုက်ပျိုးလာရာ ၂၀၁၁-၂၀၁၂ ခုနှစ် ကော်ဖီစိုက်ဧက ၇၀၉ ဧက၊ ရိတ်ဧက ၂၀၈ ဧကနှင့် တစ်ဧက ၁၄၆ ပိဿာခန့် စုစုပေါင်းအထွက်နှုန်းမှာ ၃၀၄၈၃ ပိဿာ ထွက်ရှိကြောင်း သိရသည်။ ကော်ဖီကို ဒီမောဆို၊ ဒေါဘျာကူဒေသနှင့် ဖရူဆို၊ ဟိုယာ/ ဘီယာဒေသများတွင် အများဆုံးစိုက်ပျိုးကြပြီး နည်းပညာအနေဖြင့် ဂျပန် (စိုက်၊ခူး၊သန့်စင်)နည်းဖြင့် စိုက်ပျိုး၍ ပြည်တွင်းဈေးကွက်အနေဖြင့် ရန်ကုန်မြို့သို့တင်ပို့ပြီး ပြည်ပဈေးကွက်အနေဖြင့် စင်ကာပူနှင့်ဂျပန်နိုင်ငံတို့သို့ တစ်နိုင်တစ်ပိုင် တင်ပို့လျက်ရှိသည်။ ကယားတောင်ကုန်းမြင့်ဒေသမှာ အာရာဗီကာနှင့် ကယားလီကော်ဖီအမျိုးအစားများ ထုတ်လုပ်ပြီး ကော်ဖီမှုန့် ၁၀၀ ဂရမ် တစ်ထုပ်လျှင် ကျပ် ၂၅၀၀၊ ၂၀၀ ဂရမ် တစ်ထုပ်လျှင် ကျပ် ၄၅၀၀ ဖြင့် ဈေးကွက်အတွင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

DOCA (ကယား)

### ၉-၁-၂၀၁၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညို့မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | ရွှေ (တစ်ကျပ်သား) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၀၀၀ | | ၁၃၀၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၂၀၀ | ၁၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၇၃၅၀၀၀ |
| ၂ | လားရှိုး | ၂၁၀၀ | ၁၇၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၈၀၀၀ | ၂၆၈၃၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၅၀၀ | | ၁၆၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၃၃၀၀ | ၆၃၀၀ | ၅၀၀၀ | | ၁၈၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၅၀၀ | ၂၇၂၀၀၀၀ |
| ၄ | တောင်ကြီး | ၂၂၅၀ | ၂၁၅၀ | ၉၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၃၃၀၀ | ၉၀၀ | ၆၀၀ | ၇၂၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၂၆၇၀၀၀၀ |
| ၅ | လွိုင်ကော် | ၂၉၅၀ | ၂၀၀၀ | ၁၂၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၃၇၀၀ | ၄၅၀၀ | ၅၂၀၀ | ၄၃၀၀ | ၁၁၀၀ | ၅၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၇၄၅၀၀၀ |
| ၆ | ဘားအံ | ၂၀၀၀ | | ၁၁၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၇၀၀ | ၆၈၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၇၂၂၀၀၀ |
| ၇ | မော်လမြိုင် | ၁၆၅၀ | | ၁၃၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၇၅၀၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၆၀၀၀ | ၈၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၄၈၀၀ | ၅၀၀၀ | ၄၂၀၀ | ၂၀၀၀ | ၆၀၀ | ၆၃၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၈၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၇၃၀၀၀၀ |
| ၉ | မြိတ် | ၂၁၀၀ | | ၁၃၀၀၀ | ၆၂၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၈၀၀ | ၂၃၀၀ | ၈၀၀ | ၆၄၀၀ | ၄၃၀၀ | ၄၅၀၀ | ၃၁၀၀ | ၃၁၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၇၄၅၀၀၀ |
| ၁၀ | ရန်ကုန် | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၅၁၀၀ | ၂၂၀၀၀ | ၃၃၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၁၈၀၀ | | ၁၃၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၄၂၀၀ | ၃၈၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၇၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၅၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၅၀ | ၁၇၅၀ | ၁၁၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၆၀၀၀ | ၄၈၀၀ | ၃၅၀၀ | ၃၂၀၀ | ၆၀၀ | ၈၀၀၀ | ၄၇၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၆၉၀၀၀၀ |
| ၁၃ | ဟားခါး | ၂၈၀၀(သစ်) | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၁၅၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၉၀၀၀ | ၂၈၀၀၀၀၀ |
| ၁၄ | မုံရွာ | ၂၁၅၀ | | ၉၅၀၀ | ၆၃၀၀ | ၁၉၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၅၅၀၀ | ၅၃၀၀ | ၁၇၀၀ | ၇၀၀ | ၅၃၀၀ | ၆၄၀၀ | ၅၀၀၀ | ၂၂၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၅၉၀၀၀၀ |
| ၁၅ | မန္တလေး | ၁၈၅၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၃၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၂၆၉၅၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၉၂၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၈၀၀ | ၅၅၀ | ၅၆၀၀ | ၅၃၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၇၈၀၀၀၀ |
| ၁၇ | မကွေး | ၂၃၀၀ | | ၁၀၀၀၀ | ၆၂၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၃၀၀ | ၂၅၀၀ | ၂၉၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၇၆၅၀၀၀ |
| ၁၈ | ပြည် | ၁၈၀၀ | | ၁၂၅၀၀ | ၆၄၀၀ | ၂၅၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၀၀၀၀၀ |
| ၁၉ | ပဲခူး | ၁၉၀၀ | | ၁၂၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၃၅၀၀(သစ်) | ၄၅၀၀ | ၃၈၀၀ | | ၂၀၀၀ | ၆၀၀ | ၅၈၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၃၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၇၃၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၁၉၅၀ | | ၁၂၀၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၅၀၀ | ၆၈၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၄၀၀ | ၂၇၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၇၃၅၀၀၀ |
| ၂၁ | နေပြည်တော် | ၁၉၅၀ | | ၁၂၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၄၀၀၀ | ၄၂၀၀ | ၂၀၀၀ | ၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၂၆၀၀ | ၂၇၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ | ၂၇၃၅၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၁၀၀၀ | ၆၀၀၀ | | ၃၃၀၀ | ၄၀၀၀ | ၅၂၀၀ | | ၁၈၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၆၀၀၀ | ၂၇၅၀၀၀၀ |

မှတ်ချက်။ (၁) ညို့မထဆန် တစ်ပြည်လျှင် မုံရွာ၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၅၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် ပခုက္ကူတွင် ၂၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်နှင့် မော်လမြိုင်တွင် ၂၀၀ကျပ်၊ ပုသိမ်၊ ပျဉ်းမနား နှင့် နေပြည်တော်တွင် ၃၀၀ကျပ်၊ မုံရွာ နှင့် ပဲခူးတွင် ၅၀၀ကျပ်၊ မန္တလေး နှင့် ပြည်တွင် ၄၀၀ကျပ်၊ ပခုက္ကူနှင့် မကွေးတွင် ၇၀၀ကျပ်၊ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပုသိမ်တွင် ၂၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ပုသိမ်တွင် ၃၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပျဉ်းမနားတွင် ၁၀၀၀ကျပ်၊ နေပြည်တော်တွင် ၈၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် မုံရွာတွင် ၂၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၇၀၀ကျပ်၊ တောင်ကြီးတွင် ၅၀၀ကျပ်၊ မြိတ်နှင့် ပခုက္ကူတွင် ၂၀၀ကျပ်၊ မကွေးတွင် ၄၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ကျပ်၊ ပျဉ်းမနားတွင် ၂၀၀ကျပ်၊ နေပြည်တော်တွင် ၃၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် နေပြည်တော်တွင် ၂၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မော်ဘီဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၁)မှ ကျောင်းဆင်းအရာရှိ ဖြစ်သူ **ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း)**(စာရေးဆရာကဗျာဆရာ မြင်းမူမောင်နိုင်မိုး)(မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့၏ ဥက္ကဋ္ဌ၊ အမျိုးသားစာပေဆု(၇)ဆုရှင်)သည် ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ရရှိခဲ့သည့်အပြင်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂၂၁/၂၀၂၂ ဖြင့် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ချီးမြှင့်သည့် **အလင်္ကာကျော်စွာဘွဲ့**ကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၁)မှ ကျောင်းဆင်းဘက်**
**သူငယ်ချင်းများနှင့်မိသားစုများ**

❐ **အက်သလက်တီကိုမှ**

ရရှိခဲ့တဲ့ တိုက်စစ်မှူး ဒမ်ဘီလီရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းက ဒမ်ဘီလီရဲ့ သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့ပေမယ့် သာမန်ပွဲကစားချိန် ပြီးဆုံးပြီး နာကျင်အချိန်ပို နှစ်မိနစ်မှာ ကြမ်းတမ်းစွာကစားခဲ့ကြတဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းကစားသမား ဆာဗစ်နဲ့ ဘာစီလိုနာအသင်းတိုက်စစ်မှူး ဖာရန်တောရက်စ်တို့ဟာ တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။

**သုံးမှတ်ဖြတ်ဦးဆောင်**

တိုက်စစ်မှူး အောစမာနေဒမ်ဘီလီဟာ အခုပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဘာစီလိုနာအသင်းနဲ့ အတူ အခုဘောလုံးရာသီမှာ လာလီဂါသွင်းဂိုးငါးဂိုးအထိရှိလာခဲ့ပြီဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ အက်သလက်တီကိုမက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် လာလီဂါပွဲစဉ် ၁၆ ပွဲကစားပြီးချိန်မှာ ရမှတ် ၄၁ မှတ်ရရှိခဲ့ကာ အဆင့်(၂) နေရာက ရမှတ် ၃၈ မှတ်ရရှိထားတဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို သုံးမှတ်ဖြတ်ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

အခြားသော စပိန်လာလီဂါပွဲစဉ်တွေမှာတော့ ရီးယဲလ်ဆိုစီဒက်အသင်းက အယ်လ်မာရီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရီးယဲလ်ဘက်တစ်အသင်းက ဗယ်လက်ကာနိုအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဆီဗီလာအသင်းက ဂီတာဖေးအသင်းကို နှစ်ဂိုး-တစ်ဂိုးအသီးသီးအနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၆၅)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဒေါ်လှမြိုင်အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ဝင်းရီ (ဘ)ဦးမောင်အေး [၉/ပမန(နိုင်)၂၂၃၁၆၂]မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်အမာကြူ [၁၂/မရက(နိုင်)၁၁၁၄၃၁]သိရှိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်(ယခင်-ဒဂုံတောင်)၊ မြေတိုင်းရပ်ကွက်အမှတ်-၉၁၊ မြေကွက်အမှတ်-၁၀၀၉၊ ဧရိယာ( အလျား ၄၀' x အနံ ၆၀' ) ရှိ နှစ်(၆၀)ဂရန်မြေနှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (၂၉-၁၂-၂၀၀၁)ရက်စွဲပါ "နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်" ဖြင့် ဝယ်ယူလက်ဝယ်ထားရှိပြီး ယခုအခါ အဆိုပါ အိမ်မြေအား တရားဝင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုမည်ဖြစ်ပါ၍ အထက်အမည်ပါသူမှ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အိမ်မြေဝယ်ယူထားသူဖြစ်သော ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်မီမီဝင်းထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ဆက်သွယ်ပြီး ရောင်းသူအဖြစ် ဆောင်ရွက်ပေးပါရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမိုးဇော်ဦး(LL.B) (စဉ်-၈၉၈၅/၁၃) တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၂၂၇၊ အခန်း (၆)၊ ပထမထပ်၊ MTM Group Condominium ၊**
**ဆိပ်ကမ်းသာလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၇၉၈၆၀၂၆၄၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၆၈)၊ ဧရိယာ(၀.၀၈၂)ဧကရှိ ဒေါ်မမအမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ဝင်းရီ (ဘ)ဦးမောင်အေး [၉/ပမန(နိုင်)၂၂၃၁၆၂]မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သရက်တောလမ်း၊ အမှတ်-၂၆ ဟုခေါ်တွင်သည့် (၆)ထပ်တိုက်အဆောက်အဦရှိ အကျယ်အဝန်း ပေ(၁၂ ½ x ၅၀)ရှိ မြေညီထပ် တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး**တို့သည် (၂၈-၁၀-၂၀၂၂)ရက်စွဲပါ ဆက်စပ်စာချုပ်အရ ရောင်းသူဖြစ်သည့် **ဦးစိုးမင်းအောင်[၁၂/တမန(နိုင်)၀၈၃၂၅၇]**မှ အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## (၂၈-၁၂-၂၀၂၂)နေ့စွဲပါ ကြေးမုံကြော်ငြာ စာမျက်နှာ(၃၀)တွင် ဒေါ်ခင်စိုးမိုးနွယ် [၁၂/မဘန(နိုင်)၁၁၃၅၇၅]၏ သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန် အများသိစေရန် ကြေညာခြင်းအား ဖျက်သိမ်းပေးပါရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှမြင့်[၁၄/လပတ(နိုင်)၀၁၁၄၅၄] ကိုင်ဆောင်သူ၊ အမှတ်(၆၃)၊ ကုန်သည်လမ်း၊ (၆)ရပ်ကွက်၊ လပွတ္တာမြို့နယ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဒေါ်လှမြင့်သည် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ညာတိလမ်း၊ အမှတ်(၁၅၅)၊ ၄-လွှာ၊ အခန်းအမှတ်(၄-A) ဟုခေါ်တွင်သော တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (၈-၆-၂၀၁၈)ရက်နေ့တွင် အဆက်အစပ်စာချုပ်များနှင့်တကွ တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ (၂၁-၁၂-၂၀၂၂)ရက်နေ့တွင် ခေတ္တလပွတ္တာမြို့သို့ အိမ်ပြန်နေစဉ်အတွင်း (၂၈-၁၂-၂၀၂၂)နေ့စွဲပါ ကြေးမုံကြော်ငြာ၏ စာမျက်နှာ(၃၀)တွင် ဒေါ်ခင်စိုးမိုးနွယ်မှ သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အများသိစေရန် ထည့်သွင်းကြေညာခဲ့သည့်သတင်းစာကို ကျွန်ုပ်၏မိတ်ဆွေမှ ဖတ်ရှုသိရှိရသဖြင့် အဆိုပါလူကြီးမင်းကြေညာထားသည့် တိုက်ခန်း၏မူလပိုင်ရှင်မှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှမြင့်သာဖြစ်ကြောင်းနှင့် အဆိုပါ(၂၈-၁၂-၂၀၂၂)နေ့စွဲပါကြေညာချက်အား လူကြီးမင်းတို့ဘက်မှ အရောင်းအဝယ်အား ဆက်လက်မပြုလုပ်ရန်နှင့် အဆိုပါအရောင်းအဝယ်ကို အပြီးအပိုင် ဖျက်သိမ်းပေးပါရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ ပိုင်ဆိုင်ထားသည့်တိုက်ခန်းအား ကျွန်ုပ်၏ မိတ်ဆွေသိရှိခြင်းမရှိဘဲ အဆိုပါတိုက်ခန်းအား တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းထားခြင်း၊ အိမ်ထောင်စု စာရင်းသွင်းထားခြင်း၊ အဆိုပါတိုက်ခန်းအား ခွင့်ပြုချက်မရှိဘဲ ဝင်ရောက် နေထိုင်ခြင်းတို့ မပြုလုပ်ရန်နှင့် လူကြီးမင်း၏ရောင်းချရန် ကြေညာခြင်းအား (၁၄)ရက်အတွင်း ဖျက်သိမ်းပေးပါရန်နှင့် အရောင်းအဝယ် ဆက်လက် ပြုလုပ်ပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ တရားဥပဒေနှင့်အညီ ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း၊ တည်ဆဲဥပဒေအရလည်းကောင်း ပြဋ္ဌာန်းဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယနေ့ဤကြော်ငြာပါသည့်နေ့မှစ၍ အောက်တွင်ပါရှိသော ကျွန်ုပ်၏ လက်ကိုင်ဖုန်းသို့ ဆက်သွယ်အကြောင်းကြားနိုင်ပါ ကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်လှမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးစုကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၈၆)**
**ဖုန်း-၀၉-၄၃၁၇၁၆၅၉**

# စာအုပ်စာပေ လူ့မိတ်ဆွေ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သာကေတမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၄

| | |
|---|---|
| ဦးမောင်နိုင် | ၁။ ဦးတင်အောင် |
| | ၂။ ဒေါ်ရီ |
| **(တရားလို)** | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄)မြောက်ရပ်ကွက်၊ မြို့မ(၁၁)လမ်း၊ အမှတ်-၃၁၀(က)နေ ၁။ ဦးတင်အောင်၊ ၂။ ဒေါ်ရီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက စာချုပ်ပါပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ(၂၀)ရက် (၁၃၈၄ ခုနှစ်၊ ပြာသိုလကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့ မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၆)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ကျော်ဆန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**သာကေတမြို့နယ်တရားရုံး**

○ **ကျောဖုံးမှ**

လိဂ်ပြိုင်ပွဲကို ဇူလိုင်လမှ နိုဝင်ဘာလအထိ ကျင်းပမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်၏ သတင်းထုတ်ပြန်ချက်အရ MNL ပြိုင်ပွဲကို အသင်းအရေအတွက် ၁၂ သင်းဖြင့် ပြန်လည်တိုးမြှင့်ကျင်းပသွားမည်ဖြစ်ပြီး ပြီးခဲ့သည့်ရာသီက အမှတ်အနည်းဆုံးနှစ်သင်းဖြစ်သည့် GFA အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ တန်းဆင်းစရာမလိုဘဲ MNL-2 မှ ဒဂုံစတားယူနိုက်တက်နှင့် ကချင်ယူနိုက်တက်အသင်းတို့ တန်းတက်ခွင့်ရမည်ဖြစ်သည်။ MNL-2 ပြိုင်ပွဲကို အသင်းအရေအတွက် ၁၀/၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး အသင်းသစ်များ ဖိတ်ခေါ်လျက်ရှိသည်။

လိဂ်ပြိုင်ပွဲသုံးခုအနက် အစောဆုံး ကျင်းပမည့် MNL ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကလပ်အသင်းများ စတင်ပြင်ဆင်နေပြီဖြစ်ပြီး ကစားသမားသစ်ခေါ်ယူခြင်းများ၊ ယခင်ကစားသမားများကို သက်တမ်းတိုးခြင်းများ ပြုလုပ်လျက်ရှိသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - သော်ကြီး**

❖ **AFF Cup မှ**

ပထမအကျော့တွင် ဂိုးမရှိသရေကျထားသဖြင့် ဗိုလ်လုပွဲတက်ရောက်ရေး ယခုပွဲမှာ အဆုံးအဖြတ်ဖြစ်နေပြီး နှစ်သင်းစလုံး လူစုံထုတ်ကစားခဲ့သည်။ ပွဲအစ သုံးမိနစ်မှာပင် ဗီယက်နမ်အသင်း ဂိုးစတင်ရရှိခဲ့ပြီး ငုယင်သီလင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် အင်ဒိုနီးရှားအသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း ဗီယက်နမ်အသင်းက အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သည်။

ဒုတိယပိုင်းအစတွင် ဗီယက်နမ်အသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ငုယင်သီလင်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ဗီယက်နမ်အသင်းက ပွဲကိုထိန်းချုပ်သွားပြီး ယခုပြိုင်ပွဲတွင် ပေးဂိုးမရှိသေးသည့် တစ်သင်းတည်းသောအသင်းဖြစ်သည့် မှတ်တမ်းကောင်းကို ဆက်ထိန်းကာ နှစ်ဂိုးပြတ်အနိုင်ရလဒ်ဖြင့် ဗိုလ်လုပွဲ တက်ရောက်သွားသည်။

ဆီမီးဖိုင်နယ် ဒုတိယအကျော့(ဒုတိယနေ့)အဖြစ် ဇန်နဝါရီ ၁၀ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ထိုင်းနိုင်ငံ၌ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - PSSI**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီလမ်း၊ Golden Parami Condo၊ အမှတ်(၅)၊ အခန်းအမှတ် (၂၀၆)၊ (၂)လွှာ၊ အကျယ်အဝန်း (၁၉၅၆)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့် ဆက်စပ်ပတ်သက်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးသန်းဌေး [၁၂/ကတတ(နိုင်)၀၀၀၅၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း – ၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းမြောက်ရပ်ကွက်၊ ငှက်ပျောတောလမ်း၊ တိုက်အမှတ်(၁)၊ ပထမထပ်(ခြေရင်းခန်း)တိုက်ခန်းအား ရောင်းဝယ်ခြင်းကို ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

အထက်ဖော်ပြပါတိုက်ခန်းအား ဝယ်ယူလက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသော ဒေါ်ယုဇနဖြူဝင်း [၁၂/စခန(နိုင်)၀၂၈၅၂၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ပြီး စာရွက်စာတမ်းမူရင်းများယူဆောင်လာပြီး လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းသန်းငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၄၀၃)**
**တိုက်(၃၃/၄၉)၊ Strand Condominium ၊ အခန်း(၃၇)(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၂၀၁၆၇၈၂၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးထွန်းကို(ခ)ဦးမန်းဘာဒူး အမည်ပေါက်ဖြင့် ချထားပေးသော ပါမစ်မြေကွက်ဖြစ်သည့် မြေကွက်အမှတ်–၁၅၈၀၊ အလျားxအနံ (၄၀x၆၀)ပေရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ အကျိုးခံစားခွင့်ရှိသူဟုဆိုသော ဦးမြတ်မင်းဟိန်း [၁၂/တမန(နိုင်)၁၀၂၅၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ပြန်လည်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မိုးမိုးအေး (LL.B, LL.M) အထက်တန်းရှေ့နေ (စဉ်–၃၆၆၂၀)**
**ဖုန်း–၀၉–၄၂၀၀၆၄၇၅၈**
**ဗဟို(၃)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကတ–၂)၊ လူနေရပ်ကွက်အမှတ်(၇)ရပ်ကွက်၊ နဂါးနီလမ်း၊ အမှတ် (၁၀၄၇/က) ဟုခေါ်တွင်သော မြေအကျယ်ပေ(၁၀x၆၀) အိမ်ခြံမြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အပါအဝင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် နှစ်(၆၀) ဂရန်အမည်ပေါက် ဒေါ်လှပိုင်ဆိုင်ကြောင်း၊ ၎င်းထံမှ အဆင့်ဆင့်လွှဲပြောင်းဝယ်ယူခဲ့သော အရပ်ကတိစာချုပ်များဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းထွန်းဝင်း [၁၁/စတန(နိုင်) ၀၇၇၃၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုမြတ်နိုး [၁၂/ထတပ(နိုင်)၁၂၅၇၂၅] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စုမြတ်နိုး၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဝေမွန်သင်း(LL.B,C.B.L)** | **အမှတ်(၄၄၈)၊ မင်္ဂလာလမ်း၊** |
| **အထက်တန်းရှေ့နေ(စဉ်–၃၆၇၃၃)** | **(၉)ရပ်ကွက်၊ လှိုင်သာယာ** |
| | **(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း– ၀၉–၄၂၄၈၂၃၄၈၈** |

**ရွှေပြည်သာမြို့နယ်**
**(၆၀x၆၀) ပတ်လည်**
**မြေကွက်များဝယ်လိုသည်**
**09-894778790**

**ကိုရဲ**
**ဒဂုံမြို့သစ်၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း၊ မြောက်ဒဂုံ၊ ရွှေပြည်သာ ရွှေပေါက်ကံမြို့နယ်များရှိ မြေကွက်များဝယ်လိုပါသည်။**
**09-421120927**

**စာအုပ်စာပေ**
**လှူမိတ်ဆွေ**

## "ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊မဟာအောင်မြေမြို့နယ်၊မဟာမြိုင်(၁)ရပ်ကွက်၊ ၆၆လမ်း၊၃၇လမ်းနှင့် ၃၈လမ်းကြား၊ အမှတ်–ဒ–၁/၁၅၀တွင်နေထိုင်သော ဒေါ်စုစုဝါ မှတ်ပုံတင်အမှတ် [၁/ဗမန(နိုင်)၀၅၀၁၈၃]သည်အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့်အမှတ်တံဆိပ် မူပိုင်ရှင်ဖြစ်ပါသည်–



**စာချုပ်အမှတ်–၉၁၅၇/၂၀၂၂(နေ့စွဲ–၁၀–၁၁–၂၀၂၂)**

အထက်ဖော်ပြပါအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့်လူကြီး/လူငယ်/ကလေးဝတ်အသင့်ချုပ်၊ အမျိုးသားလူကြီး/လူငယ်မရွေးဝတ်ဆင်နိုင်သော အနံကြီး ကွင်းကျယ်ချည်ချောလုံချည်အမျိုးမျိုး၊ ပုဆိုးအမျိုးမျိုးတို့အားမိမိတို့ကိုယ်တိုင် ဖန်တီးချုပ်လုပ်၍လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်း၊ Onlineမှရောင်းချပေးခြင်းတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍အဆိုပါအမှတ်တံဆိပ်အားမည်သည့်ပုံစံဖြင့်မဆိုမှီငြမ်းတုပသုံးစွဲခြင်း၊ ထုတ်လုပ်ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့်အသုံးပြုခြင်းမျိုးလုပ်ဆောင်ခြင်းမပြုကြရန်သတိပေးတားမြစ်ပါသည်။ မှီငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စုစုဝါ၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.LD.M.L)** | **ဒေါ်နိုင်ဆုဝေ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၃၇)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၀၆၅)** |

**The Solution Power Legal Consultant and Investment Co.,Ltd**
**အမှတ်(၉၃၆)၊ ရွှေနှင်းဆီ(၂)လမ်း၊ (၉)မိုင်ခွဲ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၉၈၉၄၂၊ ၀၉–၇၉၅၉၂၁၉၃၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၈–က၊ မြေကွက်အမှတ်–၂၉၊ မြေကွက်တည်နေရာအမှတ်(၂၉)၊ မြင်းမိုရ်လမ်း၊ ၁၈–ရပ်ကွက်၊ ဒဂုံတောင်၊ ဒေါ်လှရီ [၁၂/ဗဟန(နိုင်)၀၁၁၃၃၀] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်လှရီ(မိခင်)ဖြစ်သူသည် (၂၁–၁၁–၂၀၂၀) ရက်နေ့တွင်လည်းကောင်း၊ (ဖခင်)ဖြစ်သူ ဦးစံသိန်းသည် (၁၃–၆–၂၀၀၄)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏ သားသမီးများဖြစ်သူ (၁) ဒေါ်ညိုညိုဝါ [၁၂/ဗဟန (နိုင်) ၀၁၁၂၃၉]၊ (၂) ဦးအောင်မျိုး [၁၂/ဗဟန(နိုင်) ၀၁၂၈၆၉]တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြောင်း၊ အခြားကိတ္တိမသားသမီးများမရှိကြောင်း၊ တရားရုံး ကျမ်းကျိန်လွှာအမှတ်–၁၁၅၃/၂၀၂၂ (၂၅–၁၀–၂၀၂၂)၊ အသိသက်သေ (၂)ဦး၏ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)ဂရန်(မူရင်း)တို့တင်ပြ၍ (ပိုင်ဆိုင်+အရောင်း) မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်သို့ ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး မြေကွက်အမှတ်–၂၉၊ ၃၀၊ ၃၁ တို့အား တစ်ပေါင်းတည်း အုတ်တံတိုင်းကာထားသည်။ မြေကွက်အမှတ်– ၃၀ ၏ နှစ်(၆၀) ဂရန်မူရင်းအား လာရောက်တင်ပြထားသည်။ မြေကွက်အမှတ်–၃၁ အား ဒေါ်ညိုညိုဝါ+၁ မှပင် (ပိုင်ဆိုင်+အရောင်း) မြေပုံကူးလျှောက်ထားမှုရှိပါသည်။ မိမိတို့ပိုင် (၂၉၊ ၃၀၊ ၃၁) မြေကွက် (၃) ကွက်ပေါင်း ခြံကာထားပါကြောင်း၊ ကွင်းဆင်းသည်ကို သိရှိသဘောတူကြောင်း လျှောက်ထားသူတစ်ဦးဖြစ်သူ ဦးအောင်မျိုးမှ လက်မှတ်ရေးထိုးပါသဖြင့် (ပိုင်ဆိုင်+အရောင်း) မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၈–က၊ မြေကွက်အမှတ်–၃၁၊ မြေကွက်တည်နေရာ အမှတ်(၃၁)၊ မြင်းမိုရ်လမ်း၊ ၁၈–ရပ်ကွက်၊ ဒဂုံတောင်၊ ဒေါ်လှရီ [၁၂/ဗဟန (နိုင်) ၀၁၁၃၃၀] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်လှရီ (မိခင်)ဖြစ်သူသည် (၂၁–၁၁–၂၀၂၀) ရက်နေ့တွင်လည်းကောင်း၊ (ဖခင်)ဖြစ်သူ ဦးစံသိန်းသည် (၁၃–၆–၂၀၀၄)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏ သားသမီးများဖြစ်သူ (၁) ဒေါ်ညိုညိုဝါ [၁၂/ဗဟန(နိုင်)၀၁၁၂၃၉]၊ (၂) ဦးအောင်မျိုး [၁၂/ဗဟန(နိုင်) ၀၁၂၈၆၉]တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြောင်း၊ အခြားကိတ္တိမသားသမီးများမရှိကြောင်း၊ တရားရုံး ကျမ်းကျိန်လွှာအမှတ်–၁၁၄၇/၂၀၂၂ (၂၅–၁၀–၂၀၂၂)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ (ပိုင်ဆိုင်+အရောင်း) မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး မြေကွက်အမှတ်–၂၉၊ ၃၀၊ ၃၁ တို့အား တစ်ပေါင်းတည်း အုတ်တံတိုင်းကာထားသည်။ မြေကွက်အမှတ်–၃၀ ၏ နှစ် (၆၀) ဂရန်မူရင်းအား လာရောက်တင်ပြထားသည်။ မြေကွက်အမှတ်–၂၉ အား ဒေါ်ညိုညိုဝါ+၁ မှပင် (ပိုင်ဆိုင်+အရောင်း) မြေပုံကူးလျှောက်ထားမှုရှိပါသည်။ မိမိတို့ပိုင် (၂၉၊ ၃၀၊ ၃၁) မြေကွက် (၃)ကွက်ပေါင်း ခြံကာထားပါကြောင်း၊ ကွင်းဆင်းသည်ကို သိရှိသဘောတူကြောင်း လျှောက်ထားသူတစ်ဦးဖြစ်သူ ဦးအောင်မျိုးမှ လက်မှတ်ရေးထိုးပါသဖြင့် (ပိုင်ဆိုင်+အရောင်း) မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုတ်သိမ်းခြင်းကိစ္စ

ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်ဦးမြင့်ဦး၏သားမှတ်ပုံတင်အမှတ်(၁၂/ကတတ(နိုင်)၀၃၀၂၉၅)ကိုင်ဆောင်သူ ဦးအောင်ထက်ဟန်မှအထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၉၀၉/၂၀၁၈)အား(၁၀–၁–၂၀၂၃)ရက်နေ့မှစ၍ပြန်လည်ရုတ်သိမ်းလိုက်ပါကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်ထွန်း
LL.B.,LL.M.
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၁၆၃)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၉)ရပ်ကွက်၊ ကနောင်အိမ်ရာ၊ ဦးအောင်သန်း အမည်ပေါက် တိုက်(၂၈)၊ အခန်း(၀၀၂)ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သီတာက အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများ ဤကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းနှင့်တကွ လူကိုယ်တိုင် ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်သီတာ၏လွှဲအပ်ချက်အရ–**
**ဦးအုန်းညွန့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၂၁၆)**
**ဖုန်း– ၀၉–၄၅၆၁၇၆၉၂၆၊ ၀၉–၄၀၄၃၉၈၆၇၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဒေါ်လေးလေးကြိုင် [၁၂/လမန(နိုင်)၀၁၉၄၃၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေ၏သမီးဖြစ်သူ မချောဆုသင်း[၁၂/လမန(နိုင်)၁၇၂၄၅၇]သည် မိခင်၏ ဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူနေထိုင်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ (နောက်နောင် ၎င်းနှင့်ပတ်သက်ဆက်နွယ်သော မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။)

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်နှင်းယု(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၁၃၀)**
**အမှတ်–၉/၁၁၊ အခန်း– ၂၀၂/E၊ ဒုတိယထပ်၊ ၃၆–လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်(55W/74276) လက်ဝယ်ရှိသူ ဦးရဲကိုကို [၁၀/ပမန(နိုင်)၂၀၈၃၅၃]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## အိုင်ဘီကေကပ်ပီတယ်လ်မြန်မာ ကုမ္ပဏီလီမိတက်၏ ဘုတ်အဖွဲ့ဝင်များ အစဉ်အဆက်ပြောင်းလဲခန့်အပ်ခြင်းအား အများပြည်သူသိရှိစေရန် ကြော်ငြာခြင်း

အိုင်ဘီကေကပ်ပီတယ်လ်မြန်မာ ကုမ္ပဏီလီမိတက်၏ ဘုတ်အဖွဲ့ဝင်များသည် ၂၄–၄–၂၀၁၇ ရက်တွင် ကုမ္ပဏီမှ ဘုတ်အဖွဲ့ဝင်များဖြစ်ကြသော MR.KWANG HYUN KIM(PP No.M09505685)၊ MR.YOUNG BACK KWON (PP No. M65349267)၊ MR.WON YOUNG LEE(PP No. M49854373)တို့ (၃)ဦးအနက်တွင် MR.YOUNG BACK KWON(PP No. M65349267)မှ အလုပ်မှနုတ်ထွက်သည့်အတွက် MR.SHIN TAE HO(PP No.M79184449)အား ဘုတ်အဖွဲ့ဝင်အဖြစ် ပြောင်းလဲခန့်အပ်ခဲ့ပါသည်။ ထို့နောက် ၃၀–၈–၂၀၁၉ ရက်နေ့တွင် MR.SHIN TAE HO(PP No.M79184449)ကိုယ်စား MR.WOO JIN KIM(PP No.M87039689)အား ထပ်မံပြောင်းလဲခန့်အပ်ခဲ့ပါသည်။ ယခုအခါတွင် MR.WOO JIN KIM(PP No.M87039689)၏ကိုယ်စား MR.DAE SU KIM (PP No. M289K5101)အား ၁၈–၃–၂၀၂၂ ရက်နေ့တွင် ဘုတ်အဖွဲ့ဝင်အဖြစ် ပြောင်းလဲခန့်အပ်ထားခြင်းဖြစ်သောကြောင့် လက်ရှိတွင် MR.KWANG HYUN KIM (PP No.M09505685)၊ MR.WON YOUNG LEE(PP No. M49854373)၊ MR. DAE SU KIM (PP No. M289K5101)တို့ (၃)ဦးဖြစ်ကြောင်း အများပြည်သူ သိရှိစေရန်အတွက် ကြေညာအပ်ပါသည်။

**အိုင်ဘီကေကပ်ပီတယ်လ်မြန်မာ ကုမ္ပဏီလီမိတက်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၈၊ မြေကွက်အမှတ်–၄၁၃၊ မြေကွက်တည်နေရာ အမှတ်–၄၁၃၊ အောင်ရိပ်သာ(၃)လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးငွေသန်း S/OKA–၀၄၅၆၇၂) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးငွေသန်း [၁၂/ဥကတ(နိုင်)၀၁၂၄၃၀]၊ အက်စ်/အိုကေအေ–၀၄၅၆၇၂ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်–၃၈၉၉/၂၀၀၉ (၇–၅–၂၀၀၉)ဖြင့် ရရှိသူ ဦးထွန်းထွန်းအောင်[၁၂/သဃက(နိုင်)၀၇၃၁၀၂]မှ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)၊ အထူးကိုယ်စားလှယ်လွှဲစာ၊ အထူးကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ (၁၃–၁–၂၀၀၅)ခုနှစ်က ဘဏ်ချေးမြေပုံမြေရာဇဝင်လျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ မည်သည့်ဘဏ်တွင်မျှ ချေးငွေလျှောက်ထားရယူခဲ့ခြင်းမရှိဘဲ နေအိမ်အပြောင်း/အရွှေ့ကြောင့် ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဦးငွေသန်းကိုယ်စား အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးထွန်းထွန်းအောင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သိန္ဓုလမ်း၊ အမှတ်(၃၁)ဟုခေါ်တွင်သော (၃)ခန်းတွဲ (၆)ထပ် အဆောက်အဦးမှ အခန်းအမှတ် (ဘီ–၃)၊ ဒုတိယထပ်၊ (၃)လွှာ၊ (အလယ်)၊ အကျယ်အဝန်း (၂၅ x ၃၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ လူနေထိုင်ခွင့်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ပြုံးပြုံးအေး (ဘ) ဦးကျော်အေး (၁၂/ကမတ(နိုင်)၀၅၅၃၇၅) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် (၈–၁ –၂၀၂၃) ရက်နေ့တွင် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီး ဖြစ်ပါသည်၊ အရောင်းအဝယ်ကို အပြီးသတ် ငွေချေပြီး ဆက်လက် ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ကြောင်း အများ သိစေရန် ကြေငြာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ချို(စဉ် – ၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့၊ ၀၉ – ၄၃၀၈၈၅၄၉

## "၁၂–၈–၂၀၂၁ ရက်စွဲပါ မိသားစုစီမံမှုစာချုပ်အား ပယ်ဖျက်ပြီး သား၊ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာချက်"

မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်အလယ်ပိုင်း၊ စိန်ပဒေသာလမ်းနေ ဦးသန်းအောင် [၁၂/မရက(နိုင်)၁၀၃၄၂၈]၏ လွှဲအပ်ချက်အရ–

ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းအောင်၏ သမီးဖြစ်သူ မနှင်းမို့မို့အောင် [၁၂/မရက(နိုင်)၁၃၆၈၃၂]နှင့် သားဖြစ်သူ မောင်ညီနေဖြိုး [၁၂/မရက(နိုင်)၁၅၉၂၁၃]တို့သည် ဖခင်အပေါ် သားသမီးတို့၏ ဝတ္တရားမကျေပွန်ခြင်း၊ စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ ဖခင်၏ ဆိုဆုံးမမှုကို မနာခံခြင်း၊ ရန်သူသဖွယ် ပြုမူခြင်း ပြုလုပ်သဖြင့် ယနေ့မှစ၍ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် (၁၂–၈–၂၀၂၁)ရက်စွဲပါ မိသားစုစီမံမှုစာချုပ်အား ပယ်ဖျက်လိုက်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးသန်းအောင်** | **ဒေါ်နန္ဒာမြင့် (စဉ်–၁၃၉၁၅)** |
| | **တရားလွှတ်တော်ရှေ့နေ** |

**အခန်း(၃)၊ နဂါးရုံဘုရားလမ်း၊ မရမ်းကုန်းတရားရုံးရှေ့။**
**ဖုန်း– ၀၉–၄၂၁၀၇၀၆၉၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**❖ ကမ္ဘာပေါ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သည့် နိုင်ငံအများအပြားရှိကြပြီး မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထား၊ အမျိုးသားရေး စရိုက်လက္ခဏာ၊ ယဉ်ကျေးမှုတို့နှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကိုသာ ဖော်ဆောင်ကျင့်သုံးဆောင်ရွက်ရန်လိုအပ်...**

**❖ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များ ပြည့်စုံရန် မဖြစ်မနေလိုအပ်မည်ဖြစ်ပြီး ပညာတတ်များ ပေါ်ကြွယ်ဝမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်ဆစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)

# ၂၀၂၃ ရာသီတွင် ပြည်တွင်းလိဂ်ပြိုင်ပွဲ သုံးခုစလုံး ကျင်းပမည်


၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီ ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနေရှင်နယ်လိဂ်သည် လာမည့် ၂၀၂၃ ရာသီတွင် ပြည်တွင်းလိဂ်ပြိုင်ပွဲ သုံးခုစလုံး ကျင်းပသွားမည်ဖြစ်သည်။

**ထုတ်ပြန်ထား**

မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၃ ရာသီတွင် ကျင်းပမည့် လိဂ်ပြိုင်ပွဲများကို ထုတ်ပြန်ထားပြီး MNL အမှတ်ပေးပြိုင်ပွဲကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ဒုတိယပတ်မှ စက်တင်ဘာလ၊ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလကုန်သို့မဟုတ် မတ်လမှ ဩဂုတ်/စက်တင်ဘာလ၊ မြန်မာအမျိုးသမီး

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ○

## ယနေ့ ဖတ်စရာ

**စကားပြောနေသော အညွှန်းကိန်းများ**
ဆောင်းပါး စာမျက်နှာ » ၁၈

**သင်၏ဉာဏပိုင်းဆိုင်ရာ လှုပ်ရှားမှုများ ရှင်သန်ပါစေ**
စာမျက်နှာ » ၂၀

**ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပစ္စည်းတင်ပို့မှုနှင့် သွင်းကုန်ပစ္စည်းတင်သွင်းမှု အခြေအနေ**
စာမျက်နှာ » ၂၂



# AFF Cup ပြိုင်ပွဲတွင် ဗီယက်နမ်အသင်း ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၉

2022 AFF Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့(ပထမနေ့)ကို ဇန်နဝါရီ ၉ ရက်က ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့ရှိ မိုင်ဒင်းကွင်း၌ ကျင်းပရာ ဗီယက်နမ်အသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲတစ်လျှောက် ပုံစံကောင်းပြသနေသည့် ဗီယက်နမ်အသင်းသည် အိမ်ကွင်းတွင် နိုင်ပွဲရယူပြီး ဗိုလ်လုပွဲတက်ရောက်သွားသည်။ ယခုပြိုင်ပွဲတွင် ရှုံးပွဲမရှိ၊ ပေးဂိုးမရှိသည့် ဗီယက်နမ်အသင်းသည် ဆီမီးဖိုင်နယ်တွင်လည်း ယင်းမှတ်တမ်းကို ဆက်ထိန်းထားနိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားခြင်းဖြစ်သည်။



စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖

# အက်သလက်တီကိုမက်ဒရစ်အသင်းကို အနိုင်ရပြီး ဘာစီလိုနာအသင်း စပိန်လာလီဂါအမှတ်ပေးဇယားထိပ်၌ သုံးမှတ်ဖြတ်ကာ ဦးဆောင်




ဘာစီလိုနာအသင်းဟာ စပိန်လာလီဂါပွဲစဉ်(၁၆)အဖြစ် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ပွဲစဉ်မှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား ဒုတိယနေရာက ရီးယဲလ်မက်ဒရစ်အသင်းကို သုံးမှတ်ဖြတ်နဲ့ ဦးဆောင်နိုင်ခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

**အနိုင်ရရှိ**

အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ ပွဲစဉ်မှာ ဘာစီလိုနာအသင်းက ပထမပိုင်းပွဲကစားချိန် ၂၂ မိနစ်မှာ

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❒